

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



စိုးမိုး
စာ အုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၅

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၉၃၅၀၉၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၄၁၀၉၁၀ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၈၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၁ ခုနှစ်၊ မတ်လ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

၈၉၅ . ၈၃
အကြည်တော်
လူဆိုး/အကြည်တော် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၀၃ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) လူဆိုး



"မာဆတ်"

"အင်း"

"ဘာအဓိပ္ပာယ်လဲ"

"တရုတ်စကားထင်တယ်။ ဆိုလိုရင်းက နှိပ်တာပေါ့ဗျာ"

အင်မတန်နှုန်းစပ်ကျွမ်းကျင်လှသော ကုလားလေးခေါ်၊ ဘော်ကျော်လတ်(မီးရထား) ဟု အမည်ပေါက်သော ဗျာနယ်လစ်လေးက ကျွန်တော့်ကို ရှင်းပြနေခြင်းသာဖြစ်သည်။

"နေ. . နေပါဦး. . နှိပ်တာက ပန်းဆိုးတန်းကုန်းတံတားအောက်မှာလဲ ခုံပေါ်ဝင်ထိုင်လိုက်တာနဲ့ နှိပ်တာပဲ ဘာကွာလို့လဲ"

"အာ. . ကိုကြည်တုံးပြီ. . အဲဒါတွေကယောက်ျားကြီးတွေက လက်ကြမ်းကြီးတွေနဲ့ နှိပ်တာ၊ အခုဟာက လှတပတကောင်မ



www.burmeseclassic.com

www.burmeseclassic.com



လေးတွေက အစ်ကိုနားမှာ အနုအရွလေး. . ဟီဟီ”

ကောင်မလေးဆိုသော အသံကြားတော့ ဆံပင်မွှေးပါထောင်သွား၏။ ကိုယ်ကလဲ မိတ်အင်လူပျိုကြီးမဟုတ်လား။

မိတ်အင်လူပျိုကြီးဆိုလို့ တစ်မျိုးမထင်ပါနဲ့ဗျာ။ မိတ်မှားပြီး အင်ဖြစ်နေတဲ့ လူပျိုကြီးကိုပြောတာ။

အင်မဖြစ်ခံနိုင်ရိုးလားဗျာ။ ကျုပ်ဘဝလေးကို သူတို့သူတို့တွေ ဖျက်ဆီးပေးနေကြတာ။ ဒူးနဲ့မျက်ရည်သုတ်ရတာလည်း အကြိမ်ကြိမ်. . .

ကျုပ်မှာလဲ ပေါင်းစရာလူမရှိတော့ ဒီစာနယ်ဇင်းက လူတွေနဲ့ချည်း ပေါင်းနေရတာ။ ပြောရင် ကြွားရာကျမယ်တစ်ယောက်မှ အကောင်းမပါဘူး။ ဘုရားစူးစေ့။

ဟိုလူ သျှီသူအောင်တို့ လွမ်းဝေနိုင်တို့က ကာရာအိုကေသမားတွေ။ မူးလာတာနဲ့ မိုက်ဆွဲပြီး ဟဲမယ်ဆိုတာချည်းပဲ။ ဟဲတာတောင် ဟဲလေးမဟုတ်ဘူး။ ဟဲကြီးတွေ။

ဩော်. . အရက်သမားဖြစ်နေကြတာကကောင်း။ အရက်သမားသာမဖြစ်ရင် ဒီလောက်မိုက်ခွက်ကြိုက်ပုံနဲ့ ဂေါပကဖြစ်တယ်။

အောင်မာ. . ကာရာအိုကေခန်းထဲဝင်ပြီး ကောင်မလေးများအနားမှာလာထိုင်ရင် အဲဒီကောင်မလေးပါးပေါ် သူတို့တွေနှာခေါင်းကြီးတင်ပြီး ငြိမ်နေတော့တာ။

ကျွန်တော်ပြောတယ်။

“ဟေ့လူကြီး. . အဲဒီကောင်မလေးက မီးရောင်နဲ့မို့မျက်စိမှောက်နေတာ၊ အဲဒီကောင်မလေး ကျွန်တော်သိတယ်၊ ကျွန်တော်တို့ ရပ်ကွက်ကပဲ၊ မနက်မနက်ဆို အခွန်လွတ်ဈေးမှာ ဖယောင်းတိုင်တိုးတိုးနေတာ”

ဟုတ်တယ်။ တကယ်ပြောတာ။ သူတို့ပေးတဲ့မုန့်ဖိုးနဲ့စီးပွား





ပြန်ရှာနေတာ။ ဒါကိုဘာပြောတယ်မှတ်လဲ။

“မိန်းမဖြစ်နေတာတစ်ခုနဲ့တင် မင်းထက်တော့ လေကောင်းလေသန့် ရတယ်ဟေ့ကောင်”

နှာခေါင်းကြီးပြန်တင်ပြီး ငြိမ်နေတာ။

စဉ်းစားကြည့်ပါဗျာ။ ဟိုက မနက်ဖက်ဆို တစ်နေကုန်ဖယောင်းတိုင်တိုး၊ ဈေးမှာပြန်ရောင်း။ ညကျတော့ ရေမချိုးမိုးမချိုးဘဲ ဒီကိုလာ။

ကဲ. . သူတို့သာ လေကောင်းလေသန့်ရတယ်ပြောတာ။ အမှန်တော့ ထဘီအလှုပ်မှာ လေဖြတ်လို့ရတယ်။

ကျွန်တော် စိတ်ကုန်တာ အဲ့ဒါတွေလည်းပါတယ်။

အဲ. . ကျော်ကျော်လတ်တို့ ဇေယျာမြတ်ခိုင်တို့က တစ်လိုင်း။ ဒီလိုင်းလေ။

“အစ်ကိုရ ပိုက်ဆံကလဲ ဘယ်လောက်မှမပေးရဘူး။ တစ်ဆက်ရှင်မှ သုံးထောင်ထဲ”

“တစ်ဆက်ရှင်ဆိုတာ”

“တစ်နာရီလေ. . အစ်ကိုရ”

စိတ်ပါသွားမိသည်။ စိတ်ပါသွားမိတာမဟုတ်ဘူး။ ပါကိုပါနေတာ။ ကျွန်တော်



ဟိုက မနက်ဖက်ဆို တစ်နေကုန် ဖယောင်းတိုင်တိုး၊ ဈေးမှာပြန်ရောင်း။ ညကျတော့ ရေမချိုးမိုးမချိုးဘဲ ဒီကိုလာ။



www.burmeseclassic.com

ပြောသွားပဲ၊ ကုပ်ကမြင်းပါဆို။

"အေး. . ကောင်မလေးတစ်ယောက်နှိပ်ပေးတာ တစ်နာရီမှ သုံးထောင်ဆိုတော့ တန်သားကွ၊ ဒါနဲ့ နေရာက"

"ကျွန်တော်သိတယ်"

ကျွန်တော် သူ့ကို ပြန်ကြည့်မိသည်။ အစကတည်းက အသားမဲလို့ ကုလားလေးဟု အမည်ပေါက်နေသော ငတိက အမှောင်ထဲဝင်နေတော့ အုတ်နံရံပေါ်ကို အရိပ်ကျသလောက်သာ မြင်ရ၏။ ဒီတောင် စာနယ်ဇင်းမလုပ်စားဘဲ သူခိုးလုပ်စားလျှင်တောင် ပိုတွက်ခြေကိုက်နိုင်သည်။ ပါးစပ်လေးပိတ်ပြီး လျှောက်ပြေးနေလျှင် ဘယ်သူမှ မြင်မည်မဟုတ်။

"အေး. . သိတာတော့ ဟုတ်ပြီ၊ ပိုင်ရောပိုင်ရဲ့လား၊ တော်ကြာ ဂျာနယ်ထဲမှာ စာရေးဆရာအကြည်တော် မာဆတ်မှာ ကမြင်းရင်း လက်ပူးလက်ကြပ်ဖမ်းမိခြင်းဆိုတဲ့ သတင်းကြီးပါလာမှဖြင့်"

"ဩော်. . အစ်ကိုရယ်. . ကျော်ကျော်လတ်ပါ၊ ကျွန်တော်တောင် အဲဒီကကောင်မလေးနဲ့ချစ်သူတွေဖြစ် အဟာစ်. . အဟာစ်"

ဝမ်းသာလုံးစို့ပြီး လာတက်ပြနေသေးသည်။ ကိုယ်ကသာ မသက်ာ၍. .

"ကြည့်လုပ်ဦးနော်၊ မှုခင်းဂျာနယ်ကကောင်တွေ ငါ့ကို ကြိမ်းနေတယ်။ သူတို့ဂျာနယ်တွေမှာ ငါစာမရေးလို့တဲ့။ အမှုဖြစ်ရင် ဖိုးကာလာနဲ့ မျက်နှာဖုံးမှာ ထည့်ဖို့ချည်း စောင့်နေကြတာ"

"အာ. . အစ်ကိုကလဲ အဲသည်လိုဖြစ်ရင် ကျွန်တော်လည်း ထည့်မှာပေ့ါ၊ အဲ. . ဟုတ်ပေါင်. . သေချာပါတယ်"

"ဘာသေချာတာလဲ"

"အမှုဖြစ်ဖို့ အဲ. . အဲလေ. . အလုပ်ဖြစ်ဖို့ပြောတာ၊ အဟဲ"

"ဟင်း"





သက်ပြင်းချမိသည်။ ဒီကောင့်ကို သိပ်မယုံရဲ။ တစ်ခါကလဲ

"မော်ဒယ်လေးတစ်ယောက်က အစ်ကို့ပရိသတ်ပါ၊ အဲဒါ မိတ်ဆက်ပေးချင်လို့ စားသောက်ဆိုင်မှာ စောင့်နေဝါ"

ဆိုပြီးလုပ်တာ။ ကိုယ်ကလဲ သိတယ်မဟုတ်လား။ အဲဒါမျိုးဆို ထိန်းမနိုင်သိမ်းမရ ပျော်တတ်တော့. . ဟီဟိ။

နောက် ဘယ်သူခေါ်လာလဲ သိလား။ သူတို့အိမ်ခေါင်းရင်းက အဘွားကြီးတစ်ယောက်ကို ပေါင်ပေါင်တွေတို့ပြီး ခေါ်လာ တယ်။ ပြီးတော့ ပြောသေးတယ်။



အစ်ကိုစာရေး
လို့ညောင်းတဲ့
အညောင်းအညာတွေ
တစ်ဆက်ရှင်အတွင်း
ဖြေလျှော့သွားစေရမယ်

"အန်တီရယ်. . အန်တီ့ကို ဒီလိုတွေးချင်နေတာကြာပြီ။ အခုမှ အချဉ်လေးရတုန်း ဟီဟိ"

ကိုယ်က အချဉ်ကြီးကိုဖြစ်လို့။

အခုလဲ သူ့စကားဟုတ်မဟုတ် ဈတ်မှောင်ကြုတ်ဆုံးဖြတ်ရသေးတယ်။

"တကယ်ပါ. . အဟုတ်ပါ. . . ချစ်လို့ပါ၊ အဲလေ သီချင်းတောင်ဆိုမိသွားပြီ၊ အတည်ပြောတာ အစ်ကိုစာရေးလို့ညောင်းတဲ့ အညောင်းအညာတွေ တစ်ဆက်ရှင်အတွင်း ဖြေလျှော့သွားစေရမယ် ဘာဝန်ယူတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဩော်. . ကိုယ်ကလဲအညောင်းသမားမဟုတ်လား။ နောက်ပြီး အညာကလဲလွယ်တယ်လေ။ ဒါနဲ့ပဲ. .

“ကဲ. . ဘာဖြစ်ဖြစ်သွားမယ်ကွာ၊ ဘယ်မှာလဲ ဝေးလား”

“လိုက်ခဲ့”

ငတိက တိုက်တန်းနံဘေး မှောင်ရိပ်ကျနေတဲ့ အသားအရည်နဲ့ ဖျိုးဖျိုးဖျတ်ဖျတ် ထွက်သွားလေရဲ့။ ကိုယ်ကလဲ နောက်ကလိုက်လို့။ အင်း. . တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြုံစဖူး ကောင်မလေးနှိပ်တာ ခံလိုက်မဟုတ်ဘဲဟု တွေးရင်း

“ကိုယ့်ဆရာ. . ကုန်းကုန်း”

ကိုယ့်အတွေးနဲ့ကိုယ် ဟန်ကျနေတုန်း အရှေ့မှ ငတိအော်သံကြောင့် ကြောင်သွားမိသည်။

“ဟင်. . ဟင်. . ငါဘာလို့ ကုန်းရမှာလဲ၊ ဘာလို့လဲ”

“အာ. . လူမြင်သွားလို့ မဖြစ်ဘူး ဝပ်နေ. . ဝပ်နေ”

အခြေအနေက ပိုဆိုးသွားသည်။

စဉ်းစားကြည့်ပါဗျာ။ မြို့လည်ကောင် ပလက်ဖောင်းဘေး ဘယ်အချိန်ဖြစ်ဖြစ် ရင်ကော့ပြီးသွားလို့ရတဲ့ဥစ္စာ၊ အခု ဒီကောင်နဲ့ပေါင်းမှ လူမမြင်အောင် ဝပ်နေရတယ်လို့။

အေးလေ. . ဘာတတ်နိုင်မှာလဲ။ ကိုယ်လဲသူပြောသည့်အတိုင်း မာဆတ်ချင်တာကိုး။ ထို့ကြောင့် သူပြောသည့်အတိုင်း ကုန်းနေရာကုန်း၊ ဝပ်နေရာဝပ် နေရတော့၏။

အတန်ကြာမှောင်ရိပ်စွန်းမှ လှေကားတစ်ခုရောက်လာပြီး

“ကဲ. . ကိုယ့်ဆရာ အမှတ်စဉ်ရေပြီး သုံးဆိုတာနဲ့ပြေးတက်မယ်”

“ဟင်. . ပြေးတက်ရမယ်. . ဘယ်. . ဘယ်အထိလဲ”

“ရှစ်လွှာ”





“ဟင်. . ရှစ်. . ရှစ်လွှာတောင်”

ငတိက ပြုံးရင်း ခေါင်းညိတ်သည်။ ပြီးနောက်. .

“အသင့်ပြင်. . . သုံး. . ပြေးတော့”

“ဟာ”

ကိုယ့်မှာ တစ် နှစ် ပြီးမှ သုံးလာမယ်ထင်နေတာ။ တစ်ခါထဲ သုံးဆိုတာနဲ့ အလျှင်အမြန်လိုက်ပြီး ပြေးတက်လိုက်ရသည်။

ဩော်. . ကိုယ့်မလဲ တစ်ချိန်လုံး စာထိုင်ရေးနေတဲ့ အညောင်းသမား မဟုတ်လား။ ကိုယ်တိုင်ကလဲ မသန်၊ ရှစ်လွှာအထိ ပြေးတက်ရတယ်ဆိုတော့ စဉ်းစားသာကြည့်။ ရှစ်လွှာရောက်တော့ ဟစိဟစိပါ ဖြစ်နေသည်။

ရှစ်လွှာရောက်တော့ ငတိက ပြုံးစိစိနှင့်. . .

“ရှူး. . အစ်ကိုအနောက်မှာနေ၊ အစ်ကို့မျက်ခွက်ကြီးမြင်ရင် လန့်ပြီး တံခါးမဖွင့်ပေးဘဲ နေမယ်”

“အာ. . မင်းကလဲ နှိပ်တာပဲကွာ. . မျက်ခွက်နဲ့ဘာဆိုင်လို့လဲ”

“ရှူး. . တိုးတိုး. . အထာရှိတယ်. . အဟိ”

ဆိုကာ တစ်ဖက်လှည့်၍ တံခါးခေါက်လိုက်သည်။

“ဒေါက်ဒေါက်ဒေါက်. . . ဒေါက်ဒေါက်ဒေါက်”

“ကလောက်”

တံခါးမှ တံခါးပေါက်သေးသေးလေး ပွင့်လာသည်။

“ဘာ. . ဘာလဲဟ. . အဲ. . သွား. . သွားကြီး”

နဂိုမဲငတိ၏ ဖြူဖွဲ့ဖွဲ့သွားကို မြင်တော့ အတွင်းထဲကလူ ကြောင်သွားပုံရ၏။ ဒါကိုငတိက အစွမ်းကုန်သွားဖြဲပြီး. .

“ကျော်ကျော်လတ်လေ. . ကျော်ကျော်လတ်ပါ”

အထဲက မျက်လုံးနှစ်လုံးက. .



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . အရိပ်ကြီးမှတ်နေတာ. . ဪ. . ကိုကျော်ကျော်လတ်၊ နေရာကမရှိတော့ဘူးဗျ၊ ခဏနေမှလာပါလား"

"အဟဲ. . အဲ. . အဲလိုတော့ မလုပ်ပါနဲ့. . ငါ. . ငါ့ဆရာကို ခေါ်လာလို့ အဲဒါ"

သူ့စကားကြောင့် ကျွန်တော်မျက်နှာထုတ်ပြလိုက်သည်။

"ဟဲ့. . . ပလုပ်တုတ်. . ဘယ်လိုကြီးလဲဟ. . "

ကျွန်တော့်ကိုမြင်တော့ အထဲကလူ လန့်သွားပုံရ၏။

"အဲ. . အဲဒါ ငါ့ဆရာကွ နေရာလေးတော့ လုပ်ပေးပါ"

ကျော်ကျော်လတ်က တစ်ထောင်တန်လေး အသာအယာ ထိုးထည့်ပေးပြီး ပြောသည်။

"ကျွိ"

ရွှတ်ခါ။ ငွေတံခါး ပွင့်သွားသည်။

"ခက်တာပဲဗျာ. . နေရာက မရှိတော့ဘူးဆိုမှ"

တံခါးဖွင့်တုန်းလေး အခန်းထဲ ကမန်းကတန်းလှမ်းဝင်လိုက်သည်။

"ဟာ"

ရုတ်တရက်ကြည့်လျှင်တော့ အလှပြင်ဆိုင်တစ်ခုလိုသာ။ သို့သော် အထဲတွင် မိန်းကလေးများနှင့်ကြွရောက်ချီးမြှင့်ကြသော ဧည့်ပရိသတ်က မနည်း။ အားလုံးကိုယ်စီ ပဏာယူနေကြသည်။

"ဟော့ကောင်. . အနှိပ်ခန်းကဘယ်မှာလဲ"

ကျွန်တော်က နှိပ်နေတာမတွေ့၍ ကပ်မေးသည်။

"အပေါ်မှာဗျ ထပ်ခိုးပေါ်မှာ"

အပေါ်မော့ကြည့်မိသည်။

ရန်ကုန်မြို့တိုက်ခန်းပေါ်က ထပ်ခိုးများကို ရောက်ဖူးသူတိုင်း သိကြပေလိမ့်မည်။ အစကတည်းက တိုက်ခန်းအမြင့်က ဆယ်





ပေ သို့မဟုတ် ဆယ့်နှစ်ပေသာသာရှိကြပြီး၊ ထိုတိုက်ခန်းကိုမှထပ်ခိုးပြန်ခွဲတော့ အများဆုံးမြင့်သောထပ်ခိုးကမှ ငါးပေမျှသာ။ တချို့က လေးပေ၊ ဆယ်ပေမြင့်သော တိုက်ခန်းဆိုက ထပ်ခိုးရှိလှနှစ်ပေအမြင့်သာ။

ယခုတိုက်ခန်းကတော့ အနည်းငယ်မြင့်တော့ ထပ်ခိုးက အနည်းငယ်နေရာယူ၍ ရပုံပေါ်၏။

"ခက်တာပဲဗျာ. . နေရာကလဲ တစ်နေရာပဲလွတ်တာ. . အဲ. . စပါယ်ရှယ်ခန်းတော့ရှိတယ်။ အဲဒီအခန်းက ဈေးမြောက်တယ်"

"စပါယ်ရှယ်ခန်းက ဘယ်လောက်လဲ"

"ခုနစ်ထောင်ဗျ. . တစ်ယောက်ခန်းပဲ"

ကျော်ကျော်လတ်က ကျွန်တော့်ကို လှည့်ကြည့်သည်။ ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ ဘာပဲဖြစ်ဖြစ်၊ ဒီနေရာရောက်တော့မှ ငွေခုနစ်ထောင်လောက်တော့ သုံးဦးမှပေါ့။

ကျော်ကျော်လတ်က ပြန်လှည့်ရင်း. .

"ရတယ်လေ၊ လွတ်နေတဲ့နေရာ ကျွန်တော်ဝင်မယ်၊ ကျွန်တော့်ဆရာကိုတော့ စပါယ်ရှယ်ခန်း ပို့လိုက်ပေါ့"

ဧည့်ကြိုက ခေါင်းညိတ်သည်။

"ဒါဆို ပိုက်ဆံအရင်ရှင်း"

"ဟင်. . ဪ. . "

ဘာမှမလုပ်ခင် ငွေကြိုတောင်းသည်။ ဒါကလဲ သူတို့ယဉ်ကျေးမှုပဲလား မသိ။

ကျသင့်ငွေ ထုတ်ရှင်းလိုက်သည်။ ထိုတော့မှ. .

"လာဗျာ"

သူဦးဆောင်ရာနောက် လိုက်သွားကြရသည်။ ခုနကပြောတော်ပြောသော ထပ်ခိုးလေးပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်. . ဒေါက်. . ဒေါက်"

"ဟာ"

လှေကားလေးပေါ်တက်ပြီး အပေါ်မှာမြင်တွေ့ရသော မြင်တွင်းကြောင့် အံ့အားသင့်သွားရသည်။

ဘယ့်နှယ်ဗျာ. . ဘဂ္ဂဒက်မှာ အသေခံပုံးဖောက်ခွဲမှုကြောင့် သေသွားတဲ့ အလောင်းတွေစီထားသလို စီရီလို့။ နောက်ပြီးအလောင်းများဘေးမှာ သေသူ၏ဇနီးမယား၊ မိခင်များ တန်းစီငိုနေကြသလို မြင်ကွင်း။

တချို့က အလောင်းကောင်တွေကို ဂုတ်ချိုးဇက်ချိုးလုပ်လို့။

"တက်လေဗျာ"

ညှော်ကြိုလေးမှ ခေါ်သည်။

"ဒို"

"အား"

နဂိုရှည်လျားသော အရပ်က ခေါင်မိုးတက်ဆောင့်သည်။

"ခေါင်းငုံ့လေဗျာ. . နားမလည်ဘူးလား"

"ဟုတ်ကဲ့. . ဟုတ်ကဲ့. ."

အပြင်မှာ ကိုယ်ဘာကောင်ကြီးပဲ ဖြစ်ပါစေ။ ဒီအထဲမှာတော့ သူတို့စကား နားထောင်ရမည်သာ။

အသာလေး ခါးကုန်းတက်လိုက်သည်။ အပေါ်ရောက်တော့ ခြေမချရဲ။ ခုန စန့်စန့်ကြီးတွေက လှေကားရင်းမှစ၍ တန်းစီနေသည်ကိုး။

"ဘယ်. . ဘယ်လိုတက်ရမှာလဲဟင်"

"ကျော်ခွတက်လေဗျာ၊ ခင်ဗျားကလဲ၊ အားလုံးနားလည်တတ်ပါတယ်"

"အဲ. . အဲလို"





သူကိုယ်တိုင် ရှေ့က ကျော်ခွပြသွားတော့ ကိုယ်လဲခါးကုန်း ပြီး ကျော်ခွသွားရသည်။

အတော်ခက်ပါတယ်ကွယ်. . .



အဲဒီတော့မှ ကိုယ့်ပုံကိုယ် ပြန်စဉ်းစားမိတယ်။ ဟိုးအရင်တုန်းက ကာတွန်းသိန်းလွင်ရေးတဲ့ ငတက်ပြား ပစ္စည်းတစ်ခုခုကိုခိုးဖို့ ခြေလှမ်းသလိုမျိုး၊ ခါးကိုကုန်း၊ ခြေဖျား ကိုထောက်ပြီး တကယ့်ပီဘိ သူခိုးခြေလှမ်း။

ကာတွန်းသိန်းလွင်ရေးတဲ့ ငတက်ပြား ပစ္စည်းတစ်ခုခုကိုခိုးဖို့ ခြေလှမ်းသလိုမျိုး

ယောကျ်ားသားများကလဲကွယ်။ ဒါမျိုးကျ အင်မတန် သည်းခံရှာပါတယ်။ ခေါင်းပဲတက်နင်းနင်း၊ မျက်လုံးကိုခြေမနဲ့ပဲ ဘလော်မိ၊ ဘာမှမပြောဘူး ပြုံးပြုံးကြီးနဲ့ စန့်စန့်ကြီးကိုငြိမ်နေတာ။ မသိရင် သူတို့ကို ကိုယ်ပါဝင်နှိပ်ပေးလိုက်သလို။

သူတို့ဘေးမှာ အပ္ပသည်ပုံစံမျိုးနဲ့ ထုတ်တုတ်ထိုင်နေကြသူများကလဲ ဘယ်ဟာကို ဘယ်လိုနှိပ်နေကြလဲတော့ မသိဘူး။ သူတို့ပြောတော့ အကွက်စုံတယ်တဲ့။

"ဟိုလူ. . ဟိုဖက်နည်းနည်းတိုး၊ ဒီတတ်တာအစ်ကို. . ဒီဖက်ကိုကပ်လိုက်. . ခေါင်းရင်းကလူ. . ခြေထောက်နည်းနည်းတွေး. . ကဲ. . ဒီမှာ တစ်နေရာရ



www.burmeseclassic.com

www.burmeseclassic.com



နေရာရသည်နှင့် ကျော်ကျော်လတ် ဖတ်ခနဲဝင်လှဲလိုက်သည်။

“ကိုယ့်ဆရာ . . စပါယ်ရှယ်ခန်းထဲဝင်လိုက်”

ဟုဆိုကာ ဘူ့နားငုတ်တုတ်လာထိုင်သောကောင်မလေးကို

“ညီမလေးနာမည်ဘယ်လိုခေါ်လဲဟင် . . ဘယ်မှာနေဘာလဲ . . အစ်ကိုကြီးက အသားသာမဲတာ . . အသည်းဖြူတယ် . . အသန့်ကြိုက်တယ် . . အသောက်အစားကင်းတယ်”

စသည်ဖြင့် ကြူနေတော့သည်။ (ဪ . . ဒါကလဲ မာဆတ်ယဉ်ကျေးမှုပင်)။ ကိုယ်ကလဲ ဘယ်နေရာဝင်ရမှန်းမသိတော့ ဒီကောင့်ကိုသာ ငုတ်တုတ်ထိုင်ကြည့်နေရသည်။

“ဟော့ . . စပါယ်ရှယ်ခန်း ပြီးပြီလားဟေ့”

“ပြီးပြီ . . ပြီးပြီ . . ဒီမှာကပ်တွေတင်နေတာ”

သူတို့တာသာသူတို့ အလုပ်ရှုပ်နေကြသည်။ ဪ . . စပါယ်ရှယ်ခန်းက လူလာမှ ခင်းကျင်းပေးသည်ထင့်။ “ဒါဆိုအတော်သန့်မှာပဲ” ဟု စိတ်ထဲမှာထင်မိသည်။

“ရပြီ . . ရပြီ . . . စပါယ်ရှယ်ခန်းရပြီ”

ခေါ်သံကြားတော့ ဝမ်းသာသွားသည်။ ကိုယ့်အလှည့်ရောက်ပြီကိုး။

“ဟိုအစ်ကိုကြီး ဒီဖက်လာ”

တက်လာသော လှေကားဖက်ပြန်ခေါ်တော့ ခုနလူတွေကို ကုန်းကုန်းကွကွနှို့ပြန်၍ ကျော်ခွသွားရသည်။ လှေကားရင်းတွင် ကျွန်တော့်ကို မာဆတ်ပေးမည့် ကောင်မလေးက စနိုးတာဝါလေးကိုင်ပြီး စောင့်နေသည်။

“ဘယ်ဘက်ကို သွားရမှာလဲဟင်”

“ဒီမှာ”





“ဟင်”

ကောင်မလေးညွှန်ပြသောအပေါက်ကို မြင်တော့ အံ့အားသင့်သွားရသည်။ အပေါက်က ဝမ်းလျားထိုးဝင်မှ ဝင်လို့ရသည့် ဝင်ပေါက်ပင်။

“ကဲ ဝင်”

ကောင်မလေးပြောတော့ ကိုယ်လဲဝင်ရသည်ပေါ့။ လူကောင်ကလဲ ကြီးတော့ မနည်းဝင်ရပါတယ်ကွယ်။

“ဟာ”

အထဲရောက်မှ လွန်စွာအံ့အားသင့်သွားရသည်။

“ဟင် . . ဒါ . . ဒါစပါယ်ရှယ်ခန်း”

“အင်းလေ”

အံ့သြလွန်း၍ ဘာပြောရမှန်းပင်မသိတော့။

“ဘယ်လို . . ဘယ်လိုကြီးလဲဟ”

နှုတ်မှ အာမေဍိတ်သံပင် ထွက်သွားသည်။

အမှန်တော့ စပါယ်ရှယ်ခန်းဆိုတာ နေရာမရှိတော့၍ရေချိုးခန်းအပေါ်က လေးထောင့်ရေတိုင်ကီပေါ် နှစ်တစ်လက်မပြားတွေ စီရိုက်ထားသော ကဒ်များကို စီတင်ထားခြင်းပင်။ ရေချိုးခန်းအပေါ်က ရေတိုင်ကီပေါ်မှာမို့ ထထိုင်လျှင်ပင် ခေါင်းကလွတ်ရုံမျှသာ။

“လှဲလိုက်လေ”

“ဪ”

ဘာမှမပြောဘဲ လှဲချလိုက်သည်။ မှောင်နှင့်မဲမဲမို့ ဘာကိုမှလဲ သဲကွဲစွာမမြင်ရ။ ခြေဖဝါးကို စနီးတာဝါနှင့်ပွတ်သည်။ ထိုသို့အပွတ်မခံဖူးတော့ သာယာချင်ချင်။

“နေပါဦး . . စပါယ်ရှယ်ခန်းက ဒီတစ်ခန်းပဲရှိတာလား”

“အင်း . . နောက်တစ်ခန်းက ပြင်နေတုန်း”



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထောင်သွားမိသည်။ ဒီလောက်ခြေချစရာမရှိတာတောင် တစ်ခန်းထပ်တိုးဦးမတဲ့။ ထို့ကြောင့်

"ဘယ်မှာလဲဟင်"

"အိမ်သာပေါ်မှာ"

"ဩော်. . ဟင်. . အိမ်သာပေါ်မှာ"

"ဟုတ်တယ်. . သူကဈေးပိုကြီးမယ်. ."

"ဘာ. . ဘာလို့လဲဟင်"

"မြင်ရလို့"

"ဟင်. . ဩော်"

ဩော်. . မဖွယ်မရာကိစ္စမြင်ရတာကို ဈေးကြီးဦးမတဲ့။ ဘာမှမပြောတော့။

ခြေဖဝါးကို လက်ရွရွကလေးနှင့် လာရောက်နှိပ်နယ်သည်။ သာယာလိုက်တာ။ ကိုယ်လဲ မာဆတ်ယဉ်ကျေးမှုအရ. .

"နာမည် ဘယ်လိုခေါ်လဲဟင်"

"လပြည့်"

"ဩော်"

ဟိုးယခင်တစ်ခေတ်ကလဲ ကာရာအိုကေတွင်ပေါ်ဖူးသည်။ အမည်မသိ မသီတာ နီလာ အငယ်လေး။ ယခုတော့ လပြည့်တို့ ပိတောက်တို့ နေခြည်တို့ စသည်ဖြင့် ပြောင်းကုန်ပြီထင်ပါ့။

"နေတာကရော"

"လှိုင်သာယာ မီးခွက်ဈေး"

"အဝေးကြီးပဲ"

"အင်း"

ခြေထောက်ကိုလဲ အဆက်မပြတ်နှိပ်နယ်ပေးနေသည်။ သို့သော် ရွရွလေး။ ကိုယ်ကလဲ သိတယ်မဟုတ်လား။ အကြောသမားလေ





ထို့ကြောင့်. .

"နည်းနည်းပြင်းပြင်းလေး နှိပ်ပေးလို့ရမလား"

"ခံနိုင်လို့လား"

"ရပါတယ်"

ကောင်မလေးက ခပ်ပြင်းပြင်းနှိပ်သည်။

"ပလောက်. . ပလောက်. . ပလောက်"

သူပြင်းပြင်းနှိပ်တော့ အောက်ကတိုင်ကီကလှုပ်ပြီး နှစ်တစ်လက်မကြားထွက်နေသော တင်ပါးကို ရေလာစင်သည်။

"တောက်. . စပါယ်ရှယ်ခန်းကကောင် တယ်ကြမ်းပါလား"

ဘာမှမဟုတ်ဘဲ အောက်ကရေသံကြောင့် လူအထင်ကြီးခံရသည်။ ကိုယ်လဲ ဘာမှပြန်မပြောတော့၊ အပေါ်ကနှိပ်တာ အောက်တင်ပါးက ရေစိုနေတယ်ဆိုတော့ စဉ်းစားကြည့်။ တူးဖီး(လ်)ကြီး။ ခံစားရတော့ ခက်တာပေါ့နော်။ ဒါပေမယ့် မိန်းမနံ့ရကတည်းက ခွင့်လွှတ်တဲ့စိတ် အပြည့်ရှိတာဆိုတော့ ဘာမှမပြောတော့ဘူး။ ပြုံးပြုံးကြီးနဲ့စန့်စန့်ကြီး. . .

"ပလောက် ပလောက် ပလောက် ပလောက်"

ခပ်ကြမ်းကြမ်းနှိပ်လိုက်တိုင်း တိုင်ကီကခပ်ရွှဲရွှဲမှ ရေလာစင်သည်။

ဩော်. . အိမ်အောက်ဝက်မွေးတာနဲ့ ရေတိုင်ကီပေါ်အနှိပ်ခံတာ လူကိုတယ်အားပေးတာကိုး။ စဉ်းစားကြည့်လေ။ အိမ်အောက်ဝက်မွေးတော့လဲ ညညကျ 'အုရ်. . အုရ်. . အုရ်' ဆိုပြီးထအော်တာကိုး။ လူကိုပဲ အားပေးအားမြှောက်ပြုနေသလိုလို။ အခုရေတိုင်ကီပေါ်တက်နှိပ်တော့လဲ အသံထွက်တာကြည့်ပါဦး။ လူအထင်ကြီးခံရနည်းလားဆိုပြီး ငြိမ်နေလိုက်ပါတယ်။

"ဒီမှာ အလုပ်လုပ်တာကြာပြီလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . သုံးလလောက်တော့ရှိပြီ"

"အဆင်ရောပြေရဲ့လား"

"အင်း. . ပြေပါတယ်. . ဒါပေမယ့်"

ခေါင်းထောင်ကြည့်မိသည်

"ဒါပေမယ့် ဘာဖြစ်လဲ"

ကိုယ့်စကားမဆုံးမီ ကြားလိုက်ရသောအသံက. .

"ဟော့. . ဟော့. . ပြေး. . ပြေးကြဟော့. . ပြေးကြ"

"အား. . ပြေးကြတဲ့ဟော့. . ပြေးပြေး. . "

အော်သံများဆူညံသွား၏။ ကိုယ်လဲလန့်ပြီး ငုတ်တုတ်ထထိုင်ကာ. .

"ဟင်. . ဟင်. . ဘာ. . ဘာဖြစ်တာလဲ"

"ရဲ. . ရဲလာလို့ ပြေး ပြေးကြတဲ့. . ပြေးကြ"

"ဟင်. . ရဲ. . ရဲတဲ့ အမလေးတော့. . "

နှိပ်နေတဲ့ကောင်မလေးက ပလွတ်ခနဲ မလွယ်ပေါက်က ပြေးထွက်သွားသည်။

"ဟာ"

ဆံပင်မွှေးများပင် ထောင်တက်သွား၏။

"ရဲ. . ရဲတဲ့. . သေ. . သေပြီ"

အတွေးထဲ၌ မှုခင်းဂျာနယ်ထဲတွင် ကိုယ့်ပုံကို ဖိုးကာလာကြီးနှင့် ပြုံးဖြီးဖြီးကြီးက ဘွားခနဲပေါ်လာ၏။ စာရေးဆရာအကြည်တော် မာဆတ်တွင်လက်ပူးလက်ကြပ်မိခြင်းဆိုပြီး. .

"ကိုကြည်. . ကိုကြည်. . ရဲလာပြီ. . ပြေး. . ပြေး"

ကျော်ကျော်လတ်အသံ။ ဇတိက ကိုယ်ပျောက်ခန္ဓာနှင့်ပြေးထွက်သွားပုံရ၏။

"အောင်. . အောင်မလေး. . ပြေးရပြီဗျ"





တကယ်ပြေးထွက်တော့ ဝမ်းလျှားထိုးတိုးဝင်လာသော ဝင်ပေါက်က ဘယ်လိုပြန်ထွက်ရမှန်းမသိ။

"ကယ်. . ကယ်ကြပါဦးဗျို့. . ကယ်ကြပါဦး"

ခေါင်းက ပြန်ထွက်ရမလား၊ ခြေထောက်က ပြန်ထွက်ရ မလားမသိ။ ခေါင်းကထွက်တော့လဲ ခြေထောက်က နင်းစရာမရှိ။ ခြေထောက်ကထွက်တော့လည်း ဘာမှမမြင်ရ။ ထို့ကြောင့် ရေစင်ကြီးအတွင်းအပြင် ကားယားကြီး ဖြစ်နေ၏။

"ဟာ. ဟိုလူကြီးဘယ်လိုလုပ်နေတာလဲ. . မြန်မြန်ခုန်ချ. . မြန်မြန်ခုန်ချ"


ဒေါ်ကြိုလေး၏ အော်သံ။ ကိုယ်လဲဘာမှ စဉ်းစားချိန်မရတော့။

သေချင်သေပါစေ၊ ဒီလိုနေရာမျိုး ရဲအဖမ်းခံရပြီး နာမည်တော့အပျက်မခံနိုင်ဟုဆုံးဖြတ်ပြီး ခုန်ချလိုက်သည်။

"အင်းဟာ"

"အား"

ကံတရားများ တိုက်ဆိုင်ပုံပြောပါတယ်။ ကိုယ်လဲကြောက် လန့်တကြားခုန်ချလိုက်တာပါ။ ဒါပေမယ့် အပေါ်ကနေ ကုန်းကုန်းကွကွ ပြေးလာတဲ့ ကျော်



သေချင်သေပါစေ၊ ဒီလိုနေရာမျိုး ရဲအဖမ်းခံရပြီး နာမည်တော့အပျက်မခံနိုင်ဟုဆုံးဖြတ်ပြီး ခုန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်လတ်ကျောပေါ် တည့်တည့် အရင်ကျပြီး တေိက ကျွန်တော့်ကို ကုန်းပိုးပြေးပါရောလား။

ဖြစ်ချင်တော့ဗျာ။ ကျွန်တော်က ဆင်လောက်ကြီး၊ ကုန်းပိုးထားတဲ့တေိက ဆိတ်လောက်ဆိုတော့ ကျွန်တော့်ဝိတ်ကိုမခံနိုင်ဘဲ လှေကားအဆင်းအတိုင်း ဒုံဒုံဒုံနဲ့ တလိမ့်ခေါက်ကွေး အလုံးလိုက်ပြုတ်ကျသွား၏။

"အား"

"သေပါပြီဗျ"

"ဒုံ"

"ဒုံ"

"ဒုံ"

လှေကားစောင်းနှင့် ခေါင်းဘယ်နှစ်ချက်ဆောင့်မိမှန်းပင်မသိ။ ဒီလိုအနာခံရသည့်စတန့်မျိုး ဂျက်ကီချမ်းပင် လုပ်ဖူးမည်မထင်။

"ဒုံ"

"အောင်မလေး ဖူး ဖူးပါပြီဗျ"

ခန္ဓာကိုယ်အလိမ့်ရပ်သည်နှင့် နှစ်ယောက်လုံးမှာ ပလက်ဖောင်းပေါ် လေးဖက်ထောက်လျက်ကြီး ဖြစ်နေပြီ။ နှစ်ယောက်သား လည်ချင်းလိမ်ထားသလို ဖြစ်နေ၏။ လူကသာပြေးမဆင်းရဘဲ လိမ့်ကျတာ။ သို့သော် ဘာလို့မောနေမိမှန်းမသိ။

"ဟောဟဲ . . ဟောဟဲ . . ဘာ . . ဘာဖြစ်တာလဲဟင်"

"ဟောဟဲ . . ဟောဟဲ . . ရဲ . . ရဲ . . တဲ့"

"ဟောဟဲ . . ဟောဟဲ . . ဘယ်မှာလဲ ရဲ"

"ဟောဟဲ . . မသိဘူးလေဗျာ . . ဟောဟဲ . . ရဲဆိုလို့ပြေးဆင်းလာတာပဲ"

အောက်မှာက ဘာမှမထူးခြား။ ဘာရဲမှလည်းမတွေ့ ဖြစ်တ်





သွားဖြတ်လာတောင် ခပ်ပါးပါး။

"အေးဗျာ . . ဘာမှလဲ မရှိဘဲနဲ့"

"အား ကျွတ်ကျွတ်"

ထိုတော့မှ ခေါင်းကနာသလို၊ ရင်ကအောင့်သလို၊ နှစ်ယောက်လုံးကလဲ လေးဖက်ထောက်ကြီးနှင့် တစ်ယောက်ကိုတစ်ယောက် ထပဲကိုက်တော့မလို မျက်နှာချင်းကြီး ဆိုင်နေမိသည်။

"ဖိနပ် . . ဖိနပ်ရော . . "

"အပေါ်မှာ . . အပေါ်မှာ ကျန်ခဲ့ပြီထင်တယ်"

မှန်ပေသည်။ အထိတ်တလန့်ဖြစ်ပြီး ဆင်းပြေးလာရတော့ ဖိနပ်ကို သတိမထားခဲ့မိတာ။

"လာဗျာ . . ရဲလဲမရှိဘူးဆိုတော့ ဖိနပ်သွားပြန်တောင်းရင်း အဟိ"

ဒီလောက် ဖူးယောင်နေတာတောင် တေိကအူမြူးနေသေး၏။

"ဟာကွာ . . မင်းကလဲ"

ဒီတောင် ကျွန်တော့်ခါးကို ဖက်ပြီး

"လာပါဗျာ . . အစ်ကိုကလဲ . . ဟင် . . ဟင် . . ခင် . . ခင်ဗျား ဘယ့်နှယ်ကြောင့် ဖင်ကြီးစိုနေရတာလဲ"

ရေတိုင်ကီကောင်းမှုနှင့် အစိုဓာတ်ရနေသော တင်ပါးကို စမ်းပြီး တေိ အံ့အားသင့်သွားသည်။

"ခင် . . ခင်ဗျားကို ဟိုကောင်မ ဘာလုပ်လွှတ်လိုက်တာလဲ"

"အိုကွာ . . ခစ်"

မရှက်စဖူး အရှက်ထူးသွားသည်

"ဘာ . . ဘာမှ မလုပ်ပါဘူး . . မင်းကလဲ"

"ဘာမှမလုပ်ရင် ဘာလို့ ဖင်စိုနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက"

ရှက်ချင်ယောင်ဆောင်ပြီး သူ့ကို အရင်ရှင်းပြရသေး၏။ တေါက မသက်သလို မျက်မှောင်ကြုတ်ကြည့်၍. .

"ဟုတ်ရဲ့လား. . ခင်ဗျား အပျိုရည်ပျက်လာတာတော့ မဟုတ်ပါဘူးနော်"

"ဘယ့်နှယ်အပျိုရည်ပျက်ရမှာလဲ. . အောက်က ရေစင်တာပါ ဆိုနေ"

တေါစဉ်းစားသွားသည်။ ပြီးမှ ခေါင်းညိတ်ရင်း

"အင်း. . ထင်တော့ထင်သား။ ပလောက်ပလောက်နဲ့ဆို တော့ ကိုယ့်ဆရာတယ်ကြမ်းမှတ်နေတာ. . ဒီလောက်မစွမ်းပါဘူး"

ကျွန်တော့်အစွမ်းအစကို ဒီကောင်ယုံကြည်သွားသည်။

"ကဲ. . ဒါဖြင့် ဖိနပ်သွားပြန်တောင်းရင်း ဆက်ရှင်ပြန်ဖြည့် ရအောင် ဟီဟီ"

ဆိုကာ အရှေ့မှ ဦးဆောင်သွားသည်။ ကိုယ်လည်း အနောက် က ယောင်လည်လည်။ ဘေးဘီလဲ ဝေ့ကြည့်ရသေးသည်။ တော်ကြာ ရဲလိုက်လာမှဖြင့်

"ဒေါက် ဒေါက် ဒေါက်"

ကျော်ကျော်လတ်က တံခါးခေါက်လိုက်သည်။ ထုံးစံအတိုင်း မလွယ်ပေါက်လေး ပွင့်လာ၏။

"ဘာကိစ္စလဲ"

အသံကမာသည်။ ကျော်ကျော်လတ်က သူ့ရဲ့အဖြူဆုံးသွား ကိုဖြဲ၍

"ဖိနပ်. . ဖိနပ်ကျန်ခဲ့လို့"

"ဆက်ရှင်ဝင်မှာလား"

"ဟုတ်. . ဆက်ရှင်လဲဝင်မှာလေ"





"ဒါဆို ငွေကြိုရှင်း"

"ဟမ်"

အထဲကလူစကားကြောင့် ကြောင်ပင်ကြောင်သွားမိသည်။ နောက်မှ သတိရပြီး. .

"ဟင်. . ခုနကပဲ ဒီကနေ ရဲလာလို့ဆိုပြီး မောင်းထုတ်လိုက် တာပဲလေ. . အခုက"

"ခုနဆက်ရှင်ပြီးသွားပြီ၊ ထပ်ပြီးဆက်ရှင်ဝင်ချင်တယ်ဆို ငွေထပ်ရှင်း. . မရှင်းနိုင်ရင်"

တံခါးလေးက ပိတ်မလို ဖြစ်သွားသည်။ ဒါကို ကျော်ကျော် လတ်က ကြီးမားသော သူ့နှာခေါင်းကြီးနဲ့ ထိုးခံလိုက်သည်။ တံခါးက နှစ်လက်မခွဲလောက် ဟကျန်ခဲ့၏။

"နေဦး. . နေဦး. . နေဦး၊ ရှင်း. . ရှင်းဆိုရှင်းပါ့မယ်ဗျာ၊ ကဲ. . ကိုယ့်ဆရာ နှစ်ကျပ်တီစာဆို ဘယ်လောက်မှမရှိပါဘူး၊ ရှင်းလိုက် ပါ"

ဆိုသည်နှင့် ငွေကိုထုတ်ရှင်းလိုက်ရပြန်သည်။

"သွားပြန်ပြီ ခုနစ်ထောင်"

ဒါတောင် စပယ်ရှယ်ခန်း မဝင်တော့လို့။ ကုပ်ချိကုပ်ချိနဲ့ အခန်းထဲ ဝင်လိုက်ပြန်သည်။

"လာ. . . အပေါ်တက်"

ရင်းနှီးပြီးဖြစ်သော အပေါ်ထပ်ခိုးကို ထပ်တက်လိုက်ပြန် သည်။

"ဟာ"

မြင်ရသောမြင်ကွင်းကြောင့် အံ့အားသင့်ရပြန်သည်။

ဂျာမန်ဆရာဝန်တစ်ယောက်၏ လက်ကမြင်းမှုဖြင့် အတုံး အရုံး သေကျေကြေရရှာသော ဂျူးလူမျိုးများကို တန်းစီပြထားသလို



www.burmeseclassic.com

www.burmeseclassic.com



အတုံးအရုံးလူများ။

“အေး. . ခုနကပဲ ငါတို့ဆင်းပြေးသွားတာ. . အခုဘယ့်နှယ်ကြောင့် လူပြန်စည်နေပါလိမ့်”

“အချိန်ဆယ့်ငါးမိနစ်လောက်လေးမှာတင် ဒီလောက် အထွက်နှုန်းကောင်းနေရင် ငါလဲ စာရေးဆရာမလုပ်ဘဲ မာဆတ်ပဲဖွင့်စားရင် ကောင်းမလား”

မတော်တရော် အတွေးပင်ဝင်လာ၏။

ခုနတ ကျွန်တော့်ကိုနှိပ်ပေးသော လပြည့်ဆိုသည့်ကလေးမပင် နောက်ဧည့်သည်တစ်ယောက်ရ၍ဟန်ကျနေပြီ။ ကျွန်တော့်ကိုတောင် ပြုံးစစနှင့် တာ့တာပြသေး။

“နှမြောလိုက်တာ”

မထူးပါဘူးလေ၊ ကိုယ့်နားမှာလဲ ဘိုင်သေတစ်ယောက်ရှိနေပြီပဲ၊ နောက်တစ်ယောက်ပဲ နှမြောတော့မယ်. . ဟီးဟီး။

“ဟိုဖက်ကလူကြီး ဟိုဖက်တိုး၊ ဒီဖက်ကလူကြီး ခြေမကားထားနဲ့လေ၊ ခေါင်းရင်းကလူ အပေါ်တိုးစမ်းပါဗျ၊ ကဲ ဒီမှာနှစ်ယောက်ဝင်မယ်”


တောက် စပယ်ယာတောင် ကားပေါ်မှာ ဒီလောက်ဩဇာမကြီးဘူး။ မာဆတ်ဧည့်ကြိုကတော့ မလိုသူပစ်ထုတ်။ လိုချင်သူထည့်၊ လုပ်ချင်သလိုလုပ်နေတာ။

ယောကျ်ားသားများကလည်းဗျာ ကိုယ့်မိန်းမရှေ့ လူတစ်ယောက်ကိုယ့်ကိုဒီလိုလာလုပ်နေရင် ထထိုးမှာ။ အခု ဒီကောင်မလေးတွေရှေ့ကျတော့ ဘာကြောင့်မှန်းမသိဘူး။ ပြုံးပြီးတော့ကို ငြိမ်နေတာ။

ပက်လက်လှန်လိုက်သည်နှင့် ခြေဖဝါးကို စနိုးတာဝါနှင့်လာပွတ်သည်။ ရှရှလေး. . ခြေဖဝါးလေးကိုင်လိုက်တာ ခုနလေ့ကားကခွေးကျကျလို့ ဖူးနေတဲ့ခေါင်းတောင် အယောင်ကျသွားသလို။ ဒါမျိုး







ကျ သိပ်သိတာ။ ခံစားချက်ကိုက ခြေထောက်ကိုင်တာနဲ့ ခေါင်းက ဘုပါ ဝင်သွားသလို။

“နာမည်. . နာမည် ဘယ်လိုခေါ်လဲဟင်”

“သော်တာ”

“သြော်. . . သော်တာတဲ့လား”

အားလုံး မိုးပေါ်ကမဆင်း။ နောက်တစ်ယောက်ဆိုလျှင် စန္ဒာလသာရှိတော့မည်။

“ဘယ်မှာနေတာလဲ”

“တောင်ဒဂုံစက်မှုဇုန်နားမှာ”

“ဟင်. . အဲ့ဒါဆို ကျွန်တော်တို့နားမှာပဲ”

“ဟုတ်လား”

ခြေထောက်ပေါ် သူ့လက်ကလေး တရွရွနှင့်လှုပ်ရှားနေသည်။

“ဒီမှာလုပ်တာကြာပြီလား”

“အင်း. . သုံးလလောက်တော့ရှိပြီ”

ဒါလဲ ဖော်မြူလာစကားပင် ဖြစ်ပေလိမ့်မည်။ ဟိုယခင်ကလဲ ကာရာအိုကေများတွင် စကားတစ်ခု ကြားဖူးသည်။

“ဒီအလုပ်လုပ်တာ ကြာပြီလား”

ဒါလဲ
ဖော်မြူလာစကားပင်
ဖြစ်ပေလိမ့်မည်။
ဟိုယခင်ကလဲ
ကာရာ
အိုကေများတွင်



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . တစ်ပတ်ပဲရှိသေးတယ်"

ထိုကောင်မလေးနှင့် နောက်တစ်ဆိုင်တွင် သွားဆုံပြန်သည်။ သူတာ ကျွန်တော့်ကို မမှတ်မိတော့။ ကိုယ်ကတော့ မှတ်မိတာပေါ့ နော်. . ဒါနဲ့ပဲ။

"ဒီအလုပ်လုပ်တာ ကြာပြီလား"

"ဟင့်အင်း. . တစ်ပတ်ပဲရှိသေးတာ"

အဲဒီစကားကြားတော့ ကိုယ်လဲတင်းသွားပြီး. .

"ဘာတစ်ပတ်လဲ၊ လွန်ခဲ့တဲ့ သုံးလလောက်က နင့်ကို ဟို ဆိုင်မှာတွေ့တုန်းကလဲ ဒီစကားပဲ ပြောတယ်။ အခုလဲဒီစကားပဲ"

"ဟင်. . ဘယ်စကားလဲ"

"ဒီအလုပ်လုပ်တာ တစ်ပတ်ပဲရှိသေးတယ်ဆိုတာလေ"

ကောင်မလေးက မျက်လုံးကလယ်ကလယ် သနားစဖွယ်နဲ့

"မြန်မာပြည်တစ်ပတ်လေ. . ဘာဖြစ်လို့လဲ. . မှားလို့လား"

"အမ်"

ကိုယ်လဲ ဘာပြန်ပြောရမှန်းမသိ။ ကြက်သေသေခဲ့ဖူးသည်။

သြော်. . ဒီလိုကောင်မလေးသာ အက်ဆီးဒင့်တစ်ခုခုနှင့် သေသွားပါက အင်မတန်မှ စုံထောက်မှုတော်သော စုံထောက်ကြီး ရှားလော့ဟုမ်းပင် သတ်သူ၏လက်ဗွေရာ ရှာတတ်မည်မဟုတ်။ ပြော လို့ပြောတာပါ။ ကိုယ့်လက်ဗွေရာလည်း ရှိတာပဲ။

ကဲ. . အခုရော. .

ယခုလဲ ဆက်မမေးရဲ။

"ဘာသုံးလလဲ"

"ကိုယ်ဝန်"

အလိုလိုနေရင်း ကိုယ်ပါကလေးအဖေ ဖြစ်သွားနိုင်သည်။ ထို့ကြောင့် စကားစလွှဲရင်း. .





"ကျောင်းရော မတက်ဘူးလား"

"တက်တယ်လေ"

ခေါင်းထောင်သွားမိသည်။

"ဟင်. . ဘယ်ကျောင်းတက်တာလဲ. . ဘယ်ကျောင်းလဲ"

"ဘုန်းကြီးကျောင်း. . လပြည့်လကွယ် နှစ်ရက်သွားတယ်"

"သြော်"

ဘာသာရေးကိုင်းရှိုင်းသည့်သဘော။ ဘာမှမပြောတော့။ သူ ပြုသမျှ နုနေလိုက်သည်။ သူမကလဲ ခြေသလုံးကို ရွရွလေးနှိပ်နေ၏။ နောက်. . ကျွန်တော့်ကို စေ့ကြည့်ပြီး. .

"အစ်ကိုကြီးကို တွေ့ဖူးသလိုပဲ"

"ဟင်. . ဘယ်လို. . ဘယ်လို"

တွေ့ဖူးသလိုပဲဆိုသော စကားကြောင့် ခေါင်းထောင်သွားမိ သည်။ ဂျာနယ်တွေ မဂ္ဂဇင်းတွေမှာ တွေ့ဖူးတာဆိုလျှင်တော့ သေပြီ။ ထို့ကြောင့် ဇဝေဇဝါနှင့်.

"ဘယ်. . ဘယ်မှာတွေ့ဖူးတာလဲဟင် ဂျာနယ်တွေမှာလား"

ကောင်မလေးက ရွရွကလေးနှိပ်ရင်း

"အဖေ့ကို ထောင်ဝင်စာသွားတွေ့တုန်းက"

"ဗျ"

တံတွေးပင် နင်သွားသည်။

"အဖေ့ဘေးက ထောင်ကျတစ်ယောက်က ဦးလေးဟင်"

"ဟယ်. . ထောင်ကျဖူးပါဘူး"

"လိမ်တယ်"

သြော်. . အကောင်းပြောတာကို မယုံဘူး။ ကဲ. . ဘယ့်နှယ် လုပ်ရပါ့။ ကောင်မလေးလက်က ခြေသလုံးကနေ ပေါင်ဆီတက်လာ ၏။



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုနေရင်း ကြက်သီးများဖြန်းလာ၏။

"ဒါနဲ့. . "

"ဟေ့. . ပြေးဟေ့. . ပြေးပြေး"

စကားပင် မစရသေး။ အောက်ထပ်မှ အသံကျယ်ကျယ်အော်လိုက်သောကြောင့် လန့်သွားသည်။

"ဟင်. . ဟင်. . ဘာဖြစ်တာလဲ"

"စီမံချက်. . စီမံချက်. . ပြေး ပြေး. . ပြေး"

"ဟာ"

နံဘေးနားက ကောင်မလေးများ သံစုံအော်ပြီး မွှံနေအောင် ထွက်ပြေးသွားကြကုန်သည်။

ထိုတော့မှ လူသေအလောင်းတွေလိုဖြစ်နေသူအားလုံး ကုန်းထလာကြသည်။

နောက်မှ တစ်ခါခံထားရဖူးသောအတွေ့အကြုံကရှိသည်မို့

"ဟုတ်ရဲ့လား စီမံချက်တဲ့. . ခုနတုန်းကလို ခံနေရဦးမယ်"

ကျွန်တော့်စကားကို ခုန်အော်သူက. .

"ဟိုမှာ. . ဟိုမှာ မတွေ့ဘူးလား. . တိုက်ပေါ် မော့ကြည့်နေတာ"

ကိုယ်လဲ မယုံမရဲနှင့် ပြတင်းပေါက်မှ ငုံ့ကြည့်တော့. .

"ဟာ"

လွယ်အိတ်နှင့်လူနှစ်ယောက်က တိုက်ပေါ် လက်ညှိုးထိုးရင်း မော့ကြည့်နေကြသည်။

"သေ. . သေချာပြီ. . . ရဲ. . ရဲတွေပဲဖြစ်မယ်"

"အား"

ကျွန်တော့်စကားကြောင့် အားလုံး ဝရုန်းသုံးကားနှင့် ထွက်ပြေးသွားကြသည်။





စီမံချက်တဲ့။ ဘာစီမံချက်လဲမသိ။ ခေါင်းမွှေးတွေပါ ထောင်ကုန်၏။

"ဟေ့. . ပြေး. . ပြေးလေ. . ဘာလဲ အချုပ်ထဲရောက်ချင် လို့လား"

"ဟင်. . အချုပ်. . အချုပ်"

လူလဲ ဘာမှမစဉ်းစားနိုင်တော့။

"အား"

သံကုန်ခြစ်အော်ရင်း ပြေးဆင်းလိုက်ရသည်။ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲကို။

"ဖိနပ်. . ဖိနပ်"

"အို. . အရေးထဲဖိနပ်ရှာနေသေး။ လူလွတ်အောင်သာ အမြန်ပြေးပါဗျ အမြန်ပြေးပါ"

အနောက်က အော်သံကြောင့် ကိုယ်လဲ ဖိနပ်ပင်ကုန်းမကောက်နိုင်တော့။

"အား. . လုပ်ကြ. . လုပ်ကြပါဦး"

ကိုယ့်ကိုမဖမ်းမိအောင်သာ ကိုယ်လွတ်ရုန်း ပြေးဆင်းရသည်။ တော်ကြာ မှုခင်းဂျာနယ်ထဲ ဖိုးကာလာနှင့် ပါနေမှဖြင့်. .

ကိုယ့်ကောင်ကတော့ ပြောနေစရာပင်မလို။ တရုတ်သိုင်းကားထဲကလို ကိုယ်ဖော့သိုင်းများ တတ်နေသလားမသိ။



အို့. .

အရေးထဲ

ဖိနပ်ရှာနေသေး။

လူလွတ်အောင်

သာ

အမြန်ပြေးပါဗျ

အမြန်ပြေးပါ



www.burmeseclassic.com

www.burmeseclassic.com



တိုက်နံ့ရံတောက်လျှောက် အရိပ်ကျနေသည့်အလား ဖြတ်သွား၏။

အောက်ရောက်တော့ လူတွေကရှင်းနေသည်။ အတူတူပြေးဆင်းလာကြသူတွေလဲ ဘယ်နားမှောင်ရိပ်ခိုနေကြမှန်း မသိတော့။

အောက်ရောက်တော့ တိုက်နံရံကပ်နေသော ကျော်ကျော်လတ်နှင့်ကျွန်တော် နှစ်ယောက်တည်း။

"ဟောဟဲ. . ဟောဟဲ"

မောပြီး တစ်ယောက်ကိုတစ်ယောက် စကားမပြောနိုင်။ အတန်ကြာမှ.

"ဟော့ကောင်. . . ဟောဟဲ. . စီ. . စီမံချက်တဲ့. . စီမံချက်တဘယ်ရောက်သွားလဲ"

ကျွန်တော့်အမေးကို ငတိက အရိပ်ကျနေသလို တိုက်ကမခွာသေးဘဲ. .

"ခုန. . ခုနက အပေါ်မှာရှိတုန်းက တွေ့လိုက်တာပဲ. . အခုမှ. . အခုမှ"

သူ့စကားမဆုံးမီ ကြားလိုက်ရသည်က. .

"ကိုကိုကြီး. . မင်းဘယ်မှမပြေးနဲ့"

"ဟာ"

နာမည်ခေါ်သံကြားတော့ ခေါင်းမွေးတွေပါ ထောင်ကုန်၏။

"သေပြီ. . မိပြီ. . ဒီတစ်ခါတကယ်မိပြီ"

ဇောချွေးတွေ နှပ်တွေပါ ထွက်လာ၏။ ကြောက်တာကလဲ တဆတ်ဆတ်ပင် တုန်နေသည်။ မျက်လုံးကိုလဲ ဖွင့်မကြည့်ရဲ။

လွယ်အိတ်နှင့် လူနှစ်ယောက်က အမှောင်ထဲမှ လျှောက်လာ၏။ နီးလာသည်အထိ မျက်လုံးကို ရဲရဲမဖွင့်ရဲသေး။ ဘယ်အချိန် လက်ထိပ်ခတ်သံ ချပ်ခနဲ ကြားရမည်ကို တထိတ်ထိတ်နှင့်။

"ကိုကိုကြီး. . ဘာဖြစ်နေတာလဲ"





"ဟင်"

ရင်းနှီးနေသောအသံမို့ မျက်လုံးများ ဖွင့်ကြည့်မိသည်။

"ဟာ. . လွမ်းဝေနိုင်နှင့် ကျော်သီဟပဲ"

စာနယ်ဇင်းမှ ညီအစ်ကိုများတွေ့တော့ ဝမ်းသာသွားသည်။ သူတို့က ကျွန်တော့်ကို ဇဝေဇဝါကြည့်ပြီး. .

"ဘာဖြစ်တာလဲ. . တိုက်နံရံကို ပြားပြားကပ်ပြီး ဘာလုပ်နေတာလဲ"

ထိုတော့မှ လူလဲ စိတ်အေးနိုင်ပြီး. .

"အဟဲ ဘာမှမဟုတ်ပါဘူးဗျာ၊ ကျော်ကျော်လတ်နဲ့ကျွန်တော် ပျင်းလို့ တိုင်ကပ်တမ်း ကစားနေကြတာ"

"ဩော်. . ဒါကျော်ကျော်လတ်လား၊ ငါက အရိပ်ကျနေတယ်မှတ်လို့"

ထိုတော့မှ သူတို့လဲ ကျော်ကျော်လတ်ကို မြင်ရှာသည်။

"ဒါနဲ့ နေပါဦး. . ခင်ဗျားတို့ကရော ဘာလာလုပ်တာလဲ"

ကျွန်တော့်အမေးကို သူတို့နှစ်ယောက်က လူမိသွားသောခွေးသူခိုးလို သွားဖြဲပြီး. .

"ဟီးဟီး. . မာဆတ်. . မာဆတ်လိုက်ရှာနေတာ ညောင်းလို့ ဟီဟီ"

"တောက်"

ထိုတော့မှ သဘောပေါက်တော့သည်။ သူတို့ဘာသာသူတို့ မာဆတ်ဘယ်နားရှိလို့ရှိမှန်းမသိဘဲ မော့တော့မော့တော့နှင့် လိုက်ရှာတာ။ ဒါကို ဟိုကလဲ လွယ်အိတ်များနှင့် သူတို့ကိုမြင်ပြီး ရဲမှတ်ကာ ကျွန်တော်တို့ကို မောင်းချလိုက်တာ။

"ဘာ. . ဘာဖြစ်လို့လဲဟင်. . ဖိနပ်လဲ မပါကြပါလား"

"ချွတ်. . ချွတ်ထားခဲ့တာလေ. . စီးရမှာပျင်းလို့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ကျွန်တော်တို့ကို ဇဝေဇဝါကြည့်သည်။

"ဒါနဲ့ကျော်ကျော်လတ် မာဆတ်. . မာဆတ်"

ကျွန်တော်ကသာ ဦးအောင်ဝင်၍. .

"ဒီမှာ. . ဒီအပေါ်မှာ"

သူတို့နှစ်ယောက် အပေါ်သို့ မော့ကြည့်သည်။ ကျော်သီဟက အပေါ်ထပ်ကို လက်ညှိုးထိုးရင်း. .

"ဒီမှာလား"

သိပ်မကြာပါ။ အပေါ်ထပ်မှ 'အား'ခနဲ အော်၍ တစ်သုတ် ပြေးဆင်းလာပြန်၏။ ကျွန်တော်က မသိချင်ယောင်ဆောင်၍. .

"ဟုတ်တယ်. . သိပ်ကောင်းတယ်. . အညောင်းကို ပြေသွားတာပဲ"

မယုံသလို ပြန်ကြည့်သည်။ ကျွန်တော်ကသာ. .

"ဟုတ်တယ်. . ကျွန်တော်တို့တောင် အခုပဲ ပြေးဆင်း. . အဲလေ ဆင်းလာကြတာ"

ကျွန်တော်တို့လဲ ထိုတိုက်နှင့်မလှမ်းမကမ်း စားသောက်ဆိုင်တွင် ဝင်ထိုင်နေလိုက်သည်။ သိပ်မကြာပါ. .

"ရဲတဲ့ဟေ့. . ပြေးပြေး"

"ပြေး. . ပြေးပါဟ"

ဟူသော အော်သံနှင့်အတူ ထိုလူကြီးနှစ်ယောက် ဒရောသောပါး ပြေးဆင်းလာတာ တွေ့ရ၏။

××××





အမှန်က ဒီလိုပါ။

ဒီဆိုင်တွေ တရားဝင်ဖွင့်ထားတဲ့ ဆိုင်တွေလဲ မဟုတ်ပါဘူး။ (အခုလဲမရှိတော့ပါဘူး)

ပြီးတော့ ငွေကလဲလိုတာထက် ပိုလိုချင်တဲ့အခါကျတော့၊ အခန်းထဲမှာလဲ လူပြည့်ပြီ။ အပြင်မှာလဲ ဧည့်သည်တွေထပ်ရောက်နေပြီဆို၊ အဲဒီလိုပဲ ခြောက်လှန့်ပြီး မောင်းထုတ်နေကြ။

"ခင်ဗျားက လူပေါင်းမှားတာကိုး"

ရွှေအိုရောင်ခပ်ရင့်ရင့် ဖန်ခွက်ကို ကိုင်မြှောက်ရင်း ခေါင်းငိုက်စိုက်ဖြစ်နေသော ဂျာနယ်ကျော် ဖေယျာမြတ်ခိုင်က ပြောသည်။ ကျွန်တော်လဲ ခေါင်းကုတ်ရင်း. .

"ငါလဲ ဘယ်သိပါ့မလဲကွ. . သူပိုင်တယ်ဆိုလို့လိုက်သွားမိ



www.burmeseclassic.com

www.burmeseclassic.com



တာ”

“တလွဲတွေဗျာ”

လူကသာ ခေါင်းတည့်တည့်မထားနိုင်တာ။ ရသမျှကတော့ မျိုချနေတုန်း။ ဒီလိုကောင်မျိုး ဆေးရုံကဒရစ်ပိုက်နဲ့ လက်မောင်းမှာ ချိတ်ပေးရင်တောင် ပြုံးပြုံးကြီးနေမယ့်ကောင်မျိုး။

“အမှန်တကယ် ပိုင်တာက ကျွန်တော်ဗျ”

“ဟေ. . မင်းလား”

ဝမ်းသာကြည်နူးသွားမိသည်။ ကျော်ကျော်လတ်နှင့် မာဆတ်တွင် မာရသွန်လုပ်ပြီးကတည်းက လိပ်ခဲတင်းတင်းဖြစ်နေသမျှ ဇေယျာနှင့်တွေ့မှ အလုံးကြီးကျရမည့်ပုံ။

“ခင်ဗျားက မယုံလို့လား၊ မြန်မာတစ်နိုင်ငံလုံး လမ်းညွှန်မြေပုံ ကျွန်တော့်ခေါင်းထဲမှာရှိတယ်၊ အားလုံးကျွန်တော်သိတယ်”

ဖြစ်နိုင်သည်။ ကျွန်တော်ပေါင်းဖူးသမျှ ဂျာနယ်လစ်တွေထဲမှာ ဒီကောင်အစုံဆုံး။

ဘယ်မင်းသမီး ဘယ်နေ့အိမ်ထောင်ကျမယ်။ ဘယ်မော်ဒယ်ရဲ့စပွန်ဆာက ဘယ်သူ။ ဘယ်မင်းသား ဒီအချိန်မှာ ဘယ်အရက်ဆိုင်မှာရှိတယ်။ ဒီနေ့ရိုက်ကွင်းက ဘယ်နှစ်ခု ဘယ်မှာတည်ထားတာ စသည်ဖြင့် စာရင်းအားလုံး သူ့မှာရှိသည်။

နောက်ပြီး ကောင်လေးက ရိုးရှာတယ်။ မိဘကိုယ်တိုင်က အမွေဖြတ်ထားတာ။ ဒီလိုဘက်စုံပြည့်စုံနေသူတစ်ယောက်ကို အားမကိုးမိတာကိုက ကိုယ့်အမှား။ ကိုင်း. . လာပြီ. . သူကြီးသားဘအေးနဲ့တွေ့ပြီ။

“ကဲ. . ကဲ. . ဒါဆိုလဲ သွား. . သွားလိုက်ကြရအောင်”

ငတိက နဂိုညိုပြီးသားမျက်နှာ ထပ်ညိုပြပြီး. . .

“နေစမ်းပါဗျာ. . အေးဆေးလုပ်စမ်းပါ။ ဒီလိုမာဆတ်မျိုး





ညပါအိပ်လို့ရတယ်. . မှတ်ထား”

“ဟယ်. . တယ်ပိုင်ပါလား”

“ဇေယျာပါဗျာ”

ကျွန်တော် သူ့ကို ကြည့်ရင်းကြည့်ရင်း လေးစားလာသည်။ စိတ်ထဲတွင်လည်း. . .

“ငါလဲ ဂျာနယ်လစ်လုပ်နေရင်၊ ဒီလိုပဲ ကျွမ်းကျင်ပိုင်နိုင်နေမှာ. . ”

ဟူ၍။

“အဲ. . ဒါ. . ဒါနဲ့နေဦး. . မင်းမှာ ကင်မရာပါတယ်မဟုတ်လား”

ငတိက သူ့ရဲ့ကြီးမားသော လွယ်အိတ်ကို ပြန်ကြည့်ရင်း. .

“ပါတယ်လေ. . ဘာဖြစ်လို့လဲ”

“ပါတယ်ဆိုလဲ. . အဟဲ. . ဟိုလေ. . မာဆတ်ရောက်ရင် ငါ့ကို ဓာတ်ပုံတော့ ခိုးမရိုက်နဲ့ကွနော်”

“ခင်ဗျားကလဲ”

ပြောလို့ရတာမဟုတ်။ ဒီကောင်က အဲဒါမျိုးလဲ လက်ဆော့ခြေဆော့ရှိသည်။ သူ့မှာအဲဒီလိုရိုက်ထားတဲ့ ပုံအများကြီး။ တော်ကြာ ကားရားကြီး ဂျာနယ်ထဲပါလာမှဖြင့်. .

“စိတ်ချစမ်းပါဗျာ၊ အခု ကျွန်တော်ကိုင်ထားတဲ့ ကင်မရာက အပျက်ကြီး ဖလက်ဂမ်းပဲပွင့်တာ၊ ကင်မရာအကောင်းစားက ပိုက်ဆံမရှိလို့ပေါင်ထားတာ. . ဟီဟီ”

သူ့စကားကြောင့် ကျွန်တော် အံ့အားသင့်သွားသည်။

“ဟင်. . ဒါဆို ဧည့်ခံပွဲတွေ ဘာတွေတက်တော့”

“ဒီကင်မရာနဲ့ပဲလေ ဖလက်ဂမ်း ပွင့်နေတာပဲ၊ သူတို့က တကယ်ထင်နေကြတာ. . ဟဲဟဲဟဲ. . . ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြောပြီးသား။ ဒီကောင်လေးက ရိုးတယ်။ မိဘ တကောင် အမွေဖြတ်ထားပါတယ်ဆိုမှ။

"ကဲ. . ပြီးပြီလား. . ပြီးပြီဆိုသွားရအောင်. . ဂလု"

ကိုယ့်မှာလဲ အရင်တစ်ခါ အပီအပြင် မကြုံခဲ့ရရှာတော့ အင်း. . ဒီတစ်ခါမှဖြင့် နေရပ်လိပ်စာတင်မကဘူး. . ဟီဟီ. . . သိကယ် မဟုတ်လား။ မသိရင်လဲ လာကြည့်။

"နေပါဦးဗျ. . ဒါကြီး နှမြောစရာ"

ဩော်. . ဝါတွင်းကာလ သုံးလပတ်လုံး ဘုရားနတ်ပြည် တတ်တုန်းသောက်ရတာ တော်ကြာ ဘုရားရှင်ကိုယ်တော်မြတ် နတ်ပြည် က ပြန်ဆင်းလာလို့ တွေ့သွားရင် ရှက်စရာကြီး။ ဒါကြောင့်ပဲ. .

"အား. . ဟေ့ကောင်. . ငါ့မျက်လုံးတွေ ဘာဖြစ်လဲမသိဘူး သိပ်မမြင်ရတော့သလိုပဲ"

"ဘယ်မြင်မလဲ၊ ခင်ဗျားမျက်လုံးတွေက စားပွဲခုံပေါ် ကပ်နေ တာကိုး. . ခေါင်းလေးဘာလေး ထောင်စမ်းပါဦးဗျာ"

"မထောင်. . မထောင် ဘယ်ဟာမှ မထောင်နိုင်တော့ဘူး ဟေ့ကောင်၊ အိမ်. . အိမ်ပဲပြန်တာကောင်းမယ်ထင်တယ်၊ နောက်ပြီး မနက်ဖြန်မနက်ဆယ်နာရီမှာ ငါ့ဇာတ်လမ်း ရုပ်ရှင်ကန်တော့ပွဲပေး ရှိတယ်"

"ခင်ဗျားကလဲ ကိုယ်ချင်းမစာတာဗျာ. . ခင်ဗျားအိမ်ပြန် သွားတော့ ကျုပ်က ဘယ်နားသွားအိပ်ရမှာလဲ. . လမ်းဘေးအိပ်ရမှာ လား"

ဟုတ်သား။ ဒီကောင်လေးကရိုးတယ်။ ဒါကြောင့် မိဘတင် မက မိန်းမကပါ ရိုက်နှက်ပြီး အိမ်ပေါ်က နှင်ချထားတာ။


"အဲဒီမှာက တစ်ညလုံးအိပ်လို့ရပါတယ်ဗျ. . ခင်ဗျားကလဲ"

"ဒါ. . ဒါဆိုလဲ သွားရအောင်ကွာ. . တော်ကြာ. . လူတွေ





မြင်ရင် ငါရှက်တတ်တယ်"



"နေစမ်းပါဦးဆိုနေ"

ရှိရှိသမျှတွေ ထပ်ထည့်နေသည်။

ဒီကောင် ခါတိုင်းဆို ဒီလောက် မသောက်ပါဘူး။ ဝါဝင်မှ။

ဝါဝင်မှဆိုတာ တခြားတော့မဟုတ် ပါဘူး။ ဝါတွင်းကာလဆိုတော့ မိဘတွေ သားမယားတွေက ဘုရားသွား ကျောင်းတက် လုပ်ကြတယ်မဟုတ်လား။ တစ်ယောက်တည်း ကျန်ကျန်ခဲ့တော့ ပျင်းတာပေါ့။

ဝါတွင်းကာလဆိုတော့ မိဘတွေ သားမယားတွေက ဘုရားသွား ကျောင်းတက် လုပ်ကြတယ် မဟုတ်လား။ တစ်ယောက်တည်း ကျန်ကျန်ခဲ့တော့. . .

"ဟေ့ကောင်. . တော်တော့ မနက်ဖြန် ရုပ်ရှင်ကန်တော့ပွဲ"

"ကဲ. . လာဗျာ. . သွားမယ်ဟေ့. . ဒါ. . ပါဆယ်ထုပ်ပေး"

"ဟုတ်ကဲ့ဆရာ"

ဆိုင်ကပါဆယ်ထုပ်လေးဆွဲပြီး တေိက အရှေ့ကနေ ပုတုပုတု ကော့တော့ ကော့တော့နဲ့သွားတယ်။ ကျွန်တော်က အနောက်ကနေ ကိုင်းကိုင်းကိုင်းကိုင်းနဲ့ လိုက်ရတယ်။

"ဟေ့ကောင်. . . ဘယ်သွားနေ တာလဲ"

ကိုယ်ကလဲ ဘာမှ ကောင်း ကောင်းမမြင်တော့။

"ဟင်. . . ဟေ့ကောင် မင်းပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ မာဆတ်ဆို ဆိုက္ကားဂိတ်က ဘာလုပ်ဖို့လဲ"

"ခင်ဗျားကလည်းဗျာ. . မာဆတ်ဘယ်နားမှာရှိလဲ ဆိုက္ကား ဂိတ်မေးရမှာပေါ့ဗျ"

"ဟင်. . မင်းပြောတော့ မြန်မာတစ်နိုင်ငံလုံးမြေပုံ မင်းမှာ ရှိတယ်ဆို"

ကျွန်တော့်စကားကို ဝေါ် ဖြဲခနဲ ရယ်လိုက်ပြီး. .

"အဟဲ. . ဒါကတော့ဗျာ. . ဆားပုလင်းနှင့်မောင်တောင် ဗ ယာကြော်ကုလားကို မွေးရသေးတာပဲ"

ဘာမှ ပြန်မပြောတော့။ ယခုတော့ အိုင်အိုဒင်းကိုကိုကြီး လမ်းပျောက်နေပြီ။ ဆိုက္ကားဂိတ်ရောက်တော့ ဖေယျာက ဆိုက္ကား သမားတစ်ယောက်ကို ခေါ်မေးနေသည်။ ကိုယ်ကတော့ ကျန်တာ အားလုံးလှငယ် မျက်လုံးတစ်ခုထဲ အဘိုးကြီးဖြစ်ပြီး ဘာမှမမြင်ရတော့။

"လာ. . ကိုကြည်တက်"

ဆိုက္ကားပေါ် ခေါ်တင်၏။

"ဟာ. . ဟေ့ကောင်. . မာဆတ်ကို ဆိုက္ကားနဲ့သွားရမှာ လား"

"အာ. . ခင်ဗျားက လျှာမရှည်စမ်းပါနဲ့. . ကျုပ်စီစဉ်ပါ့ မယ်"

ဘာမှပြန်မပြောတော့။ ဆိုက္ကားပေါ်သာ တက်လိုက်သည်။

ဘယ်ကနေ၊ ဘယ်လိုတွေသွားနေသည်ကို မမှတ်မိတော့။ လူကအိပ်ချင်နေတာသာ သိသည်။ မနက်ဖြန်ရုပ်ရှင်ကန်တော့ပွဲ မသွား လို့မဖြစ်။

"ကဲ. . ရောက်ပြီ. . ဆင်း. . "

ဘာဂျာတံခါးတစ်ခုသာ ကောင်းကောင်းမှတ်မိသည်။

အထဲရောက်သည်နှင့် အိပ်ရာပေါ် ဘုန်းခနဲပြုတ်ကျပြီး၊





"မင်းဘာသာ နေချင်သလိုသာ နေတော့ကွာ၊ ငါတော့ အိပ်ပြီ"

ဆိုကာ ချက်ချင်းပင် ဖလက်ပြ သွားရလေသည်။

xxxx



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အိပ်ရာကနိုးနိုးချင်း "ဒါငါ့အိပ်ရာမဟုတ်ဘူး"ဆိုတာ သတိရလိုက်သည်။ ဘေးဘီဝဲ့ကြည့်လိုက်တော့ ဘယ်သူမှမရှိ။

"ဟာ"

ခြေရင်းမှာ ကောင်မလေးတစ်ယောက် ငုတ်တုတ်ထိုင်နေတာ တွေ့ရသည်။

"ငါ. . ငါဘယ်ရောက်နေပါလိမ့်"

နောက်မှအသေအချာစဉ်းစားပြီး ညက ဇေယျာနှင့်အတူ မာဆတ်ရောက်နေကြောင်း သတိရသည်။

နံဘေး ဝဲ့ကြည့်မိပြန်သည်။

ဇေယျာ. . ဇေယျာမရှိတော့။





"ငတိ ငါ့ကိုထားပြီး ထွက်ပြေးသွားပြီထင်တယ်"

ထိုအတွေးနှင့် ကမန်းကတန်း ထလိုက်မိသည်။

"ဟင်. . ဘယ်လဲ. . ဘယ်လဲ. ဘယ်သွားဖို့လဲ"

ငုတ်တုတ်အိပ်နေသော ကောင်မလေးက ယောင်ယောင်တန်းတန်းနှင့် ထနိုပ်နေသေးသည်။ သို့သော် အိပ်ချင်မူးတူးနှင့်မို့ ဘောင်းဘီဆွဲချွတ်နေသလိုသာ ဖြစ်နေ၏။

"ဟာ. . နေစမ်းပါ"

ဆိုကာ လှေကားဆီသို့ ပြေးသွားမိသည်။

"ဟာ"

လှေကားဝတွင်ညွှန်ပြနေသောနာရီကြောင့် လန့်ဖျပ်သွားမိ၏။

"ရှစ်နာရီနှစ်ဆယ်"

ရုပ်ရှင်ကန်တော့ပွဲပေးက ဆယ်နာရီ။

ကိုယ်ရေးသည့်ရုပ်ရှင်ကားကို ကန်တော့ပွဲပေးသည်ဆိုတော့ မသွားလို့မဖြစ်။

"သေပြီ. . သေပြီ. . ဒုက္ခပဲ"

ကမန်းကတန်း အောက်ထပ်ပြေးဆင်းလိုက်သည်။

"ဟာ"

အောက်ထပ်လှေကားရင်းမှာ စိတ်ပျက်လက်ပျက် ထိုင်နေသော ဇေယျာမြတ်ခိုင်ကို တွေ့လိုက်ရ၏။

"ဟာ. . ဟေ့ကောင်. . ဘာ. . ဘာထိုင်လုပ်နေတာလဲ"

သကောင့်သားက အရက်နာကျနေသည့်ရုပ်နှင့် တံခါးဝ ေမးငေါ့ပြသည်။

"အဲ"

သံဘာဂျာတံခါးကြီးက ပိတ်လျက်သား။ ကျွန်တော်ကလဲ ခပ်မာမာပင်. .



www.burmeseclassic.com

www.burmeseclassic.com



“ဖွင့်ခိုင်းလိုက်လေကွာ၊ ဘာဖြစ်လို့လဲ”

ငတိခေါင်းခါသည်။ ပြီးမှ. .

“ဖွင့်ခိုင်းလို့ မရဘူးဗျ”

“ဘာ. . ဘာဖြစ်လို့လဲ”

သူ သက်ပြင်းချရင်း

“ဘာဖြစ်ရမှာလဲ၊ ပိုက်ဆံမှ လောက်အောင်မရှင်းနိုင်ဘဲ”

“ဟင်”

သူ့စကားကြောင့် ကျွန်တော် ကြောင်သွားသေးသည်။ နောက်မှ သတိရပြီး ပိုက်ဆံအိတ်ကို ပြန်နှိုက်ရှာဖွေကာ.

“ဟင်. . ညက ငါပိုက်ဆံသုံးသောင်းလောက်ပါတာပဲ. . အဲ . . အဲဒါ”

“ရှင်းလိုက်ပြီလေဗျာ. . ခင်ဗျားကလဲ”

“ဟင်. . ဒါတောင် မလောက်ဘူးလား”

ငတိက ဝိုသံဝဲဝဲကြီးနှင့်. .

“ဘယ်လိုလောက်မှာလဲဗျ. . တစ်ဂျူတီကို လေးထောင်နဲ့ ဆယ်ဂျူတီ. .”

“ဟယ်”

မျက်လုံးပင်ပြူးသွား၏။

“တစ်ဂျူတီကိုလေးထောင်၊ ဆယ်ဂျူတီလေးသောင်း။ နှစ်ယောက်ဆိုတော့ ရှစ်သောင်း”

“ဟင်. . အကောင်းစားတည်းခိုခန်းပင် ဒီလောက်မပေးရပဲ”

“အဲ. . အဲဒါပြောတာပေါ့ဗျ၊ ခင်ဗျားဆီက သုံးသောင်းနဲ့ ကျုပ်ဆီပါတာပါ ပေါင်းရှင်းလိုက်တာတောင် သုံးသောင်းခွဲလောက် ကျန်နေသေးတာ”





“ဟာ”

လူပင် ခွေကျချင်သွား၏။ တကယ်အရေးကြီးသည့်အလုပ်က ရှိသေးသည်ပဲ။

ပိုက်ဆံများထပ်ရှိဦးမလားဟု အိတ်ထဲထပ်ပြီး မွှေရှာမိသည်။ ကျပ်တန်ပင်မရှိ။

“ပေးလိုက်ပြီအားလုံး. . ကောင်မလေးတွေ မုန့်ဖိုးတောင်းလို့”

သွားပြီ။ တစ်ပြားမှပင် မရှိတော့။ ဘယ်လိုမှ စဉ်းစားမရတော့။ နောက်မှ. . .

“နေဦးကွ. . ဆိုင်ပိုင်ရှင်ရောမရှိဘူးလား”

“မန်နေဂျာပဲရှိတယ်”

“ဘယ်မှာလဲ”

မေးငေါ့ပြသည်။

မန်နေဂျာအခန်းသွားတော့ မန်နေဂျာက စားပွဲခုံပေါ် မှောက်လျက်ကြီး အိပ်ပျော်နေသည်။

“ဆရာ. . ဒီကဆရာလေး”

ရှိသေကိုင်းရှိုင်းစွာဖြင့် အသာအယာနှိုးလိုက်သည်။

“ဘာလဲ. . ဘယ်သူလဲ”

မန်နေဂျာက အိပ်ချင်မူးတူးနှင့်နိုးလာ၏။

“ကျွန်. . ကျွန်တော်တို့ ညက အိပ်ပျော်သွားတာ. . အဟဲ”

မန်နေဂျာက လူကိုပင်အဖက်လုပ်ပြီး မော့မကြည့်ဘဲ. .

“သုံးသောင်းခြောက်ထောင်နဲ့လေးရာကျန်တယ်. . အဲဒါ ရှင်းပြီးမှသွား”

“အဲ”

စကားမစမိမှာပင် အကြွေးလှမ်းတောင်းနေ၍ ဘာပြောရ



www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိ။

"ဟို. . ဟိုလေ. . ကျွန်တော်တို့က စာရေးဆရာတွေပါ. . အဲဒါ"

"မျိုးကိုမျိုးကိုလဲ အဲလိုပဲ လွှတ်ပေးလိုက်တာ ပြန်မလာဘူး. . ဒါမျိုးတွေ ရိုးနေပြီ"

"အဲ"

"နောက်ပြီး မိုးဆက်လင်းထက်နဲ့ ပြည့်ပိုင်မှူးအိမ်တဲ့၊ အဲဒါလဲ ပြန်မလာဘူး. . နောက်ပြီး. . ပြောရင်မကောင်းပါဘူးလေ. . ဒေါသထွက်တယ်"

"ဟင်"

သူ့စကားကြောင့် ဘာဆက်ပြောရမှန်းမသိ။ ကံမကောင်းလျှင် အရိုက်ခံရဖွယ်ရှိ၏။ ဒီနေရာမှာ ကျွန်တော့်လိုမျိုး ပိုက်ဆံမရှင်းနိုင်ဘဲ ထွက်ပြေးခဲ့သူ ဘယ်လောက်ရှိပြီမှန်းမသိ။ ခေါင်းသာကုတ်နေလိုက်ရသည်။

သူလဲ ရှေ့မှာ သာဓကအများကြီးနှင့် ခံထားရသည်မို့ ပြန်လွှတ်မည့်အရိပ်အယောင်မျှပင် မမြင်။


ထို့ကြောင့် မီးလောင်သစ်ငုတ်တိုပေါ်မှ မျောက်အိုမကြီးလို စိတ်ပျက်လက်ပျက် ထိုင်နေသော ဖေယျာနားသွားပြီး. .

"ဟော့ကောင်. . ဒီအတိုင်းဆို တို့ကို ပြန်လွှတ်မယ့်ပုံမပေါ်ဘူးကွ"

"တောက်. . ဒီအချိန်ဆို ကျွန်တော့်သားလေး နို့ဆာနေလောက်ပြီဗျ. . ခင်ဗျားနဲ့ပေါင်းမိမှ"

အောင်မာ. . သူကပဲ ကိုယ်နဲ့ပေါင်းတာ အပေါင်းအသင်းမှားသယောင်။ ကျွန်တော်လဲ တင်းပြီး

"ဟော့ကောင် မင်းသားလေးနို့ဆာတာ မင်းမိန်းမကိစ္စ၊ မင်း နဲ့ ဘာမှ မဆိုင်ဘူး။ မင်းနို့သွားညှစ်ပေးမှ ထွက်မှာမဟုတ်ဘူး၊ အခုဟာက ငါတို့ ဒီအပြင်ပြန်ရောက်ဖို့ အရေးကြီးတယ်။ ငါလဲ ကန်တော့ပွဲပေး မီးအောင်ပြေးရမှာ၊ အဲဒါဘယ်လိုလုပ်ရင် ကောင်းမလဲ"



"မသိဘူးဗျာ၊ ကျွန်တော့်စိတ်ထဲ သားလေးနို့ဆာမှာကိုပဲ သတိရတယ်"

ပြောရင်းတံတွေးက မျိုချသေးသည်။ ကျွန်တော်လဲ သူ့နားဆောင့်ကြောင့် ထိုင်ပြီး လေသံပျော့ပျော့နှင့်. . .

"ဟော့ကောင်. . ဒီနဲ့ဆို မင်းတို့ရုံး ကနီးတယ်မဟုတ်လား၊ အဲဒါ မင်းတို့ရုံးမှာ ပိုက်ဆံလေးဘာလေး နည်းနည်းပါးပါး သွားဆွဲ"

ကျွန်တော့်စကားမဆုံးမီ ဇေတိက ပွပြီးသားခေါင်းကို ထပ်ဖွလိုက်ပြီး

"မိဘကိုယ်တိုင်က အမွေဖြတ်ထားပါတယ်ဆိုနေဗျာ၊ ပိုက်ဆံဆွဲဖို့ မပြောနဲ့၊ ရုံးပေါ် တက်တာနဲ့ အချုပ်ထဲ ဖမ်းထည့်မှာ၊ တောက်. . ဒီအချိန်ဆို သားလေးတော့ နို့ဆာနေလောက်ပြီ"

မိဘကိုယ်တိုင်က အမွေဖြတ် ထားပါတယ် ဆိုနေဗျာ. ပိုက်ဆံဆွဲဖို့ မပြောနဲ့ ရုံးပေါ် တက်တာနဲ့ အချုပ်ထဲဖမ်း ထည့်မှာ. . .

သူ့စကားကြောင့် ကျွန်တော် စိတ်ညစ်သွားသည်။

"ဒါဆို. . ဒီနား မင်းအသိကလေး များ"





www.burmeseclassic.com

www.burmeseclassic.com



"သြော်. . ကဲ. . မိဘကိုယ်တိုင်က အမွေဖြတ်ထားပါတယ် ဆိုနေမှဗျာ၊ တောက်. . ဒီအချိန်ဆို"

"မင်းသားလေးနို့ဆာနေပြီ မဟုတ်လား. . အေး. . မင်းသာ မဆာဖို့ အရေးကြီးတယ်. . နေဦးကွ. . ဒီနားမှာ ငါတို့ကိုသိတဲ့ သူတွေ"

ဖေယျာ ခေါင်းကို ကျွန်တော့်ဖက်လှည့်လာ၏။

"ခင်ဗျားကိုသိတဲ့ မင်းသားမင်းသမီးတွေ တစ်ပုံကြီးပဲဟာ ဗျာ၊ သူတို့ကို လှမ်းပြီးအကူအညီတောင်းကြည့်ပေါ့"

ကိုယ်ပါ ခေါင်းကုတ်သွားမိ၏။

"အေးကွ. . သိတာတော့ အများကြီးပဲ၊ ဒါပေမယ့် တစ်ယောက်နဲ့မှ ကောင်းကောင်းမခင်ဘူးကွ၊ အဲဒါ"

ဟုတ်တယ်လေ။ ကိုယ်ကလဲ နာမည်ကြီးထမင်းငတ်။ သိတာတော့ အားလုံးနဲ့သိတယ်။ ခင်တာက ဘယ်သူမှမခင်ရဲဘူး။ ကိုယ်တိုင်ကလဲ ဖေယျာကို ပြောသလိုပဲ၊ သိပ်ရိုးတာ။ မိဘကိုယ်တိုင်က အခေါ်အပြောမလုပ်တာ နှစ်နှစ်ဆယ်ကျော်ပြီ။

ဒီတော့ အပေါင်းအသင်းကမရှိ။ အပေါင်းအသင်းက မရှိရင် ငွေကမရ။ ငွေမရရင်၊ တံခါးကမပွင့်။ သေပြီ။ မသေလျှင်တောင် ငုတ်တုတ်မေ့ပြီ။

"တောက်. . ကလေးက နို့ဆာလောက်ပြီ၊ မထူးပါဘူးဗျာ. . မပြန်ရမယ့်အတူတူ ဆက်ရှင်ပဲပြန်ဝင်ပြီး"

တောက်. . ဒီကောင်သာ ကြက်ဖြစ်ပါက သားဖောက်အား အတော်ကောင်းမည်။ အခုလူဖြစ်နေတာကိုက သူ့အတွက် နစ်နာခြင်းတစ်မျိုးပင်။

"နေ. . နေဦးကွ. . ဟိုလူ. . လူငယ်ဒါရိုက်တာဓာတ်ပုံ အဏ်ထော်နီ မော်လမြိုင်ဆိုရင်တော့ တို့မော်လမြိုင်သားပဲကွ၊ သူနဲ့





ငါလဲ ရုပ်ရှင်တွေအများကြီး ရိုက်ဖူးတယ်၊ သူ့ကို အကူအညီတောင်းရင်တော့ ရနိုင်ပါရဲ့နော်"

ဖေယျာ ခေါင်းထောင်သွားသည်။

"အေး. . ဟုတ်တယ်ဗျ. . သူ့အိမ်ကလဲ ဒီနဲ့သိပ်ဝေးဘူး၊ သူ့ကို ခင်ဗျားလှမ်းပြီး အကူအညီတောင်းကြည့်ပါလား. . "

"အကူအညီတောင်းတာတော့ ဟုတ်ပါပြီ. . သူ့ဖုန်းနံပါတ်က"

"ကျွန်တော့်မှာရှိပါတယ်ဗျ၊ မြန်မာပြည်မြေပုံပါဆို"

ဖေယျာက သူ့ရဲ့သုံးမရအောင် ပျက်စီးနေသော ကင်မရာအိတ်ထဲက လူတကာ လှည့်လည်ကျက်စားပြီးမှ သူ့ဆီရောက်လာသော ဝါရင့်တစ်ရှူးသဖွယ် နွမ်းဖတ်နေသော စာအုပ်တစ်အုပ်ကို ဆွဲထုတ်လိုက်သည်။

BURMESE CLASSIC .com

"အဏ်ထော်နီ ဖုန်းနံပါတ်က. . ၀၉. . "

အဏ်ထော်နီ ဖုန်းနံပါတ်ရတော့ ခုန မန်နေဂျာ ကောင်တာဆီ ပြေးသွားလိုက်သည်။

"ဒီ. . ဒီက အစ်ကိုလေး ဖုန်းခဏလောက် ဆက်လို့ရမလား"

မန်နေဂျာက ခေါင်းပင်မထောင်ပဲ. .

"တစ်မိနစ်၊ တစ်ရာ"

ကိုယ်လဲ ဘာမှပြန်မပြောတော့ဘဲ ဖုန်းနံပါတ်များနှိပ်လိုက်သည်။

"တူ. . . တူ. . "

"ဟော. . ဖုန်းဝင်သွားပြီ"

"ဟယ်လို"

မော်လမြိုင်ဓာတ်ပုံ အဏ်ထော်နီ လူငယ်အသံ။

"သြော်. . ကိုအဏ်ထော်နီလား"

www.burmeseclassic.com

"ဟုတ်ပါတယ်"

"ကျွန်တော်ကိုကြည်ပါ အစ်ကို"

"ကိုကြည် ဘယ်ကကိုကြည်လဲ"

"ဟိုလေ. . အစ်ကိုနဲ့ ရုပ်ရှင်တွေရိုက်တဲ့ ဇာတ်ညွှန်းရေးတဲ့ ကိုကြည်လေ"

"ဩော်. . ကိုကြည်. . ကိုကြည်၊ သိပြီ. . သိပြီ၊ ဘာလဲ ကျွန်တော့်ဆီဖုန်းအစောကြီးဆက်တာဆိုတော့ ဘုရားသွားဖို့လား"

"ဘုရားရေ"

ယောင်ပြီး နှုတ်ကထွက်သွားမိသည်။

ဟုတ်ပ။ တရားသမားကိုမှ အနှိပ်ခန်းလိုက်လာရန်အကူ အညီတောင်းမိပြီ။ ကိုယ်လဲ မတတ်နိုင်သည့်အဆုံး

"ဒီလိုအစ်ကို. . ပြောရတာတော့ အားနာပါတယ်၊ ကျွန်တော် နဲ့ဇေယျာ နေရာတစ်ခုမှာ ပိတ်မိနေလို့"

အသံ ခေတ္တတိတ်သွား၏။

"ဇေယျာမြတ်နိုင်လား"

"ဟုတ်ပ"

သက်ပြင်းချသံ ကြားရ၏။ ဇေယျာနှင့်ဆိုတော့ ဘယ်မှာပိတ် မိနေတယ်ဆိုတာ ရိပ်မိနေပုံ။

"အဲ. . အဲဒါ. . ငွေငါးသောင်းလောက်"

"ငါးသိန်းလား"

"ဟင့်အင်း. . . ငါးသောင်း"

ပြောပြီးမှ နှမြောနေသေးတယ်။ တောက် သူ့စကားသာ သံယောင်လိုက်လိုက်လျှင် မနည်းသုံးရဦးမှာ။

"ဩော်. . ဟုတ်ပြီ. . ဟုတ်ပြီ၊ နေရာပြော ကျွန်တော် ဘုရား ရှိခိုးပြီး တပည့်တစ်ယောက်နဲ့ ထည့်ပေးလိုက်မယ်"





"ဟုတ်ကဲ့. . ဟုတ်ကဲ့. . ကျေးဇူးပါအစ်ကို၊ ကျွန်တော်တို့ ရောက်နေတာက. ."

နေရာပြောပြလိုက်သည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ အ ချုပ်ထဲရောက်နေသလိုဖြစ်နေသော ဘဝမှ ကျွတ်လွတ်တော့မည်ကိုး။

"ဘာ. . ဘာပြောလဲဟင်"

ဇေယျာ၏ အမေး။

"သူ့တပည့်တစ်ယောက် လွှတ်လိုက်မှာတဲ့"

"ဟင်. . ဟုတ်လား ဝမ်းသာစရာကြီး ခင်ဗျားဘယ်လောက် တောင်းလိုက်လဲ"

"ငါးသောင်း"

"ဟာ. . ဒါဆိုငွေပိုသား။ နောက်တစ်ဆက်ရှင်လောက်"

"တော်. . တော်ပါကွာ. . လမ်းစရိတ်လေးဘာလေး ထားရ ဦးမယ်"

ခြေသလုံးဆွဲ၍ မနည်းတောင်းပန်ထားရသည်။ ဝေါကအ တင်းရှန်းကန်၍ အခန်းထဲ ပြန်ဝင်မည် တကဲကဲ။

"နေ. . နေပါဗျ. . ဒီ. . ဒီအချိန်ဆို ကျုပ်သားလေး"

ဩော်. . ငယ်ငယ်ကတည်းက နို့မပြတ်ခဲ့သည့်ကလေး ဒီ တစ်ယောက်သာ မျက်ဝါးထင်ထင် မြင်ဖူးပေပြီ။

"ဟော. . ဟော. . လာပြီလားမသိဘူး. . ဟော့ကောင်. ."

မှန်ပေသည်။ အဏ်ထော်နီလွှတ်လိုက်သော တပည့်ကလေး တစ်ယောက်က တိုက်ဝယောင်လည်လည်နှင့် ရောက်လာ၏။

"ကိုအကြည်တော်တို့"

"ရှိတယ်. . ရှိတယ်. . ညီလေး. . ဒီမှာ"

သံဇကာက မဖွင့်လေတော့ အထဲကသာ လှမ်းအော်လိုက်ရ သည်။ သူက ကျွန်တော်တို့ကိုကြည့်ပြီး. .

www.burmeseclassic.com



“ဒီမှာ ဦးလေးအဏ်ထော်နီက ငွေပေးခိုင်းလိုက်လို့”

“ကျေး. . ကျေးဇူးပါပဲကွာ. . ”

ကျေးဇူးတင်တာ လက်ပါတုန်တယ်။ ဝမ်းသာတာလဲ ပြောမနေနဲ့။

“ဦးလေးအဏ်ထော်နီကို ဘာပြန်ပြောလိုက်ရမလဲ”

‘ပြောစရာမရှိဘူး. . အဲလေ. . ကျေးဇူးမမေ့ပါဘူးလို့သာ ပြောပေးပါကွာ”

ကောင်လေးက ပေစောင်းစောင်းကြည့်ပြီး ပြန်ထွက်သွားသည်။

ထိုတော့မှ ကျွန်တော်လဲ မန်နေဂျာဆီသွားပြီး ငွေရှင်းရတော့သည်။

“အားလုံးပေါင်း သုံးသောင်းခြောက်ထောင့်ငါးရာ”

ကျသင့်ငွေကို ထုတ်ရှင်းလိုက်သည်။ တစ်ပြားမှပင်မလျှော့။

“ကျို”

ငွေရှင်းပြီးမှ ငွေတံခါးကြီးကပွင့်သွားသည်။

“ဟား”

ထိုတော့မှ ပြင်ပလေကို လွတ်လပ်စွာ ရှူရှိုက်ခွင့်ရသည်။

သတိရပြီး နာရီကို ပြေးကြည့်မိသည်။

“ကိုးနာရီခွဲ. . ”

“ဟာ. . သေပြီ. . သေပြီ. . ကန်တော့ပွဲပေးက ဆယ်နာရီ”

“ဟော့ကောင်. . ငါကန်တော့ပွဲပေးသွားရဦးမယ် မင်းကရော”

“ကျုပ်လဲသွားမှာလေ. . သတင်းသွားယူရဦးမှာ ဟီဟိ”

ဝတီ အပြင်ရောက်သည်နှင့် သူ့သားလေးနှိုးဆာတာ မေ့သွားပုံရ၏။





“ကဲ. . ဒါဆိုလဲ ကားငှားပြီး အမြန်သွားရအောင်”

ဖြတ်သွားဖြတ်လာ ကားကလဲ အင်မတန်ရှားပါးတယ်။ ရောက်နေတာက မိန်းလမ်းမနဲ့ဝေးတဲ့ လမ်းကြားကြီးဆိုတော့ တော်ရုံကားက မလာ။

အကြာကြီးစောင့်မှ ကားတစ်စီး ရောက်လာသည်။

ကားက စစ်ကြိုခေတ်လက်ကျန် ဖင်မလီယာခေါ် တံခါးနှစ်ပေါက်ကား၊ တက္ကစီတော့ တက္ကစီ။ သို့သော် တက္ကစီ တို့တိုးအေ တက္ကစီ။

“ဘယ်သွားမလို့လဲ”

သွားရမည့်နေရာ ပြောပြလိုက်သည်။


“လေးထောင်ပဲပေးပါ”

“ဟင်. . မများဘူးလား”

ထိုဈေးက ထိုခေတ်က မြို့တွင်း မြို့ပြင်ပတ်လို့ရသည့်ဈေး။

“မများပါဘူးဗျာ. . ဒီမနက်တင် ဘားပြင်လာတာ တန်ပါတယ် ဟီဟိ”

မတတ်သာသည့်အဆုံး ထိုကားပေါ် သာတက်လိုက်ရသည်။ ကျွန်တော်က ရှေ့က။ ဖေယျာကအနောက်။ ထိုင်ခုံကလဲဗျာ ဒူးတောင်မလွတ်ဘူး။ မနည်းလိမ်



သူ့ကားက
အဝိုင်းပတ်နေလေတော့
အဝိုင်းပတ်ယာဉ်
ဦးစားပေးရေး
စနစ်ကြောင့်
အားလုံးကကားရပ်ပြီး
ဝိုင်းကြည့်နေရသည်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ခေါက် ထိုင်နေရတယ်။

“မြန်မြန်မောင်းပေးပါဗျာ. . ကန်တော့ပွဲပေးမမီမှာစိုးလို့ ”

ကားဆရာခေါင်းလှည့်လာသည်။ ရုပ်ကခပ်သန့်သန့်ပင်။ မနက်ခင်းကတည်းက နေကာမျက်မှန်ကြီးကြီးတပ်ထားတော့ သိပ်ခေပုံမပေါ်။

“ဘာကန်တော့ပွဲပေးလဲ”

“ရုပ်ရှင်ကန်တော့ပွဲပေး”

ကားဆရာမျက်နှာ ဝင်းဖန့်သွားသည်။ ပြီးနောက် ကျွန်တော့်ကို ပြန်ကြည့်ပြီး

“ရုပ်ရှင်ဇာတ်ညွှန်းတွေရေးတာ မဟုတ်လား”

“ဩော်. . ဟုတ်”

“ဟဲဟဲဟဲ”

ကားဆရာ ပျော်သွားပုံရသည်။

“ကျွန်တော်ငယ်ငယ်က သိပ်ဝါသနာပါခဲ့တာ၊ မင်းသားလုပ်ဖို့ ကြိုးစားခဲ့သေးတယ်”

စိတ်ညစ်သွားမိသည်။ ထိုကဲ့သို့လူမျိုးများနှင့် သိပ်မတွေ့ချင်။ ဘာသာစကားမတူ၍ ဖြစ်သည်။

“အမှန်အတိုင်းပြောရရင် ရန်ကုန်တက်လာတာတောင် အဲဒါကြောင့်ဗျ”

တွေ့လား။ ပြောရင်းဆိုရင်း ဘာသာစကားက မတူတော့တာ။

“လူတွေ ကျွန်တော့်ကိုကြည့်တာ သိပ်သဘောကျတာဗျ၊ အခုချိန်ထိပဲ”

ကျွန်တော် သူ့ကိုကြည့်မိသည်။ သူတကျွန်တော့်ကို ပြန်ငေ့ကြည့်ပြီး. . .





“မယုံလို့လား. . တကယ်ပြောတာ. . မယုံရင်ကြည့်နေ”

ဆိုကာ အရှေ့မှာတွေ့သော အဝိုင်းကြီးကိုပတ်လိုက်သည်။ တစ်ပတ်မပြီးသေး၊ နောက်တစ်ပတ် ထပ်ပတ်လိုက်သည်။

“ဟော့လူ. . ဘာလို့ပတ်နေတာလဲဗျ”

“အသာနေစမ်းပါ၊ ကားက အဝိုင်းပတ်နေတော့ ကျန်တဲ့ကားတွေက ကျုပ်တို့ကို ကြည့်နေရတာပေါ့၊ ဟော ဟိုမှာတွေ့လား”

နောက်တစ်ပတ် ထပ်ပတ်သည်။ မှန်ပေသည်။ သူ့ကားက အဝိုင်းပတ်နေလေတော့ အဝိုင်းပတ်ယာဉ်ဦးစားပေးရေးစနစ်ကြောင့် အားလုံးက ကားရပ်ပြီး ဝိုင်းကြည့်နေရသည်ပဲ။ ဒါကိုကားဆရာက ပျော်နေပုံရတယ်။

“ဟီဟီ. . ဟီဟီ. . တွေ့လား. . တွေ့လား၊ ကျွန်တော့်ကို ဝေးကြည့်နေရပြီ။ ဟယ်လို နေကောင်းလား”

လက်ပြ၍ပင် နှုတ်ဆက်နေသေး၏။ သုံးလေးပတ်ကျတော့ သည်းမခံနိုင်တော့။ ညကအရှိန်နှင့် ဘာမှမစားရသေးတာနဲ့ဆိုတော့ ခေါင်းပါပြန်မူးတက်လာသည်။

“တော်. . တော်ပါတော့ဗျာ. . ခေါင်းလဲမူးလှပြီ၊ ညှော်ခံပွဲလဲ မမီဖြစ်တော့မယ်၊ မြန်မြန်. . မြန်မြန်သာ မောင်းပါ”

“ဩော်. . ဟုတ်သား. . ခါတိုင်း ကျွန်တော်တစ်ယောက်တည်းဆို ငါးခေါက်လောက်ပတ်နေကြ။ လူတွေဝိုင်းကြည့်ရင် ပျော်လို့လေ။ ဟီဟိ”

ဆိုကာ သွားရမည့်လမ်းကို ရုတ်ခြည်းချိုးချလိုက်သည်။

“ဟာ”

“ကျွိ”

လူကဒိုက်ခနဲ။

“အားလားလား”



www.burmeseclassic.com

www.burmeseclassic.com



ရှည်လျားသောဒူးနှင့် ကားဒက်(ခ်)ဘုတ် ဝင်တိုက်သည်။

ကားတစ်စီးက ရှေ့မှာပိတ်နေသည်မို့ ကားဘရိတ်ကို လျင်မြန်စွာအုပ်လိုက်ရသည်။ ရှေ့မှာလမ်းပိတ်ပြီးရှိနေတာက အသုဘကားကြီး။ ကျွန်တော်တို့ကားက အဝိုင်းပတ်ကားမို့ အရှိန်သိပ်မများ၍ တော်သေးသည်။ ဒါတောင် ရှေ့ကနာရေးကားနှင့် လက်နှစ်လုံးလောက်အကွာ၌ ရပ်သွားခြင်းဖြစ်၏။

"ဟား ဟား ဟား"

ကားဆရာက ထရယ်သည်။

"ဟား ဟား ဟား"

ဒီတစ်ခါ ကျွန်တော့်ကိုလက်ညှိုးထိုး၍ ရယ်သည်။ ရယ်တာမှဟက်ဟက်ပက်ပက် မျက်ရည်ထွက်သည်အထိ ရယ်သည်။

"ဟား ဟား ဟား ဟီး ဟီး ဟားဟား"

ကျွန်တော်လဲ ဤမျှထိရယ်နေ၍ ဇဝေဇဝါနှင့် မျက်မှောင်ကြုတ်ပြီး

"ကားဆရာဘာလို့ ဒီလောက်ရယ်နေရတာလဲ"

"ဟား ဟား ဟား ရယ်ရလို့ပါဗျာ. . ဟားဟား"

အတန်ကြာ ဆက်ရယ်နေသေး၏။ နောက်မှ အရယ်ပိုးသတ်ပြီး. .

"ရယ်ရလွန်းလို့ပါဗျာ. . ဟားဟား"

"ဘာရယ်ရလို့လဲဗျ"

"ဟဲ ဟဲ ဒီလိုပါ. ကားအရှိန်က ဒီထက်သာပိုများရင်လေ"

"ပိုများရင်"

"ပိုများရင် အရှေ့ကနာရေးကားကို ကျုပ်ဝင်ဆောင့်မိပြီဗျ"

"ဝင်ဆောင့်ရင်"

"ဝင်ဆောင့်ရင် ကားကလဲတို. . တိုနေတော့ ဟီဟိ ခင်ဗျား





မှန်ကနေကျွံထွက်ပြီး ရှေ့ကားဖင်ထဲကို ကျွံဝင်သွားမှာဗျ"

"ကျွံဝင်သွားရင်"

"ဟီဟီ အိပ်လိုက်သွားရုံပေါ့ဗျ။ တစ်ခါတည်း အခေါင်းပါပြင်ထားပြီးသားဆိုတော့ ဘာမှတောင်မလိုတော့ဘူး. . ဟား. . . ဟား"

"တောက်"

အတော်တင်းသွားသည်။ စဉ်းစားကြည့်လေ။

သူ့ကားသာ အရှိန်ဒီထက်ပိုများပါက သူပြောသလို၊ အရှေ့က အသုဘကားကို ဝင်ဆောင့်မည်။ ထိုသို့ ဝင်ဆောင့်ပါက ဘယ်နည်းနဲ့မဆို ကျွန်တော် ရှေ့မှန်ကိုကွဲပြီး ခုန်ထွက်သွားမည်ပဲ။ အဲ. . အဲလို ခုန်ထွက်သွားပါက ရှေ့က အသုဘကားနောက်ခန်းသို့သေချာပေါက် ကျွံဝင်သွားမည်မလွဲ။ ထိုသို့ ကျွံဝင်သွားလျှင်. .

အိပ်လိုက်သွားရုံပေါ့။

ရှေ့ကားကလဲ ဘယ်ကဘယ်လိုရောက်လာမှန်းမသိသော မိုးကျရွှေတိုပိုင်ရှင်မဲ့အလောင်းကို တင်သွားရုံသာ။

"ဟား ဟား. . မိုက်တယ်နော်. . ခင်ဗျားတို့ရုပ်ရှင်ထဲမှာ ထည့်ရိုက်ပါလား. . ဟား ဟား ရယ်ရမှာ အသေ



အဲ. . အဲလို
ခုန်ထွက်သွားပါက
ရှေ့က
အသုဘကားနောက်ခန်းသို့
သေချာပေါက်
ကျွံဝင်သွားမည်မလွဲ။
ထိုသို့ ကျွံဝင်သွား
လျှင်. .



www.burmeseclassic.com

www.burmeseclassic.com



အချောပဲ"

ဪ. . . ကိုယ်သေမယ့်ကိစ္စကိုသူက ရယ်ချင်နေသေး. . ထို့ကြောင့်

"တော်. . တော်ပါဗျာ. . ညှော်ခံပွဲကို မီအောင်သာမောင်းပါ"

"စိတ်ချ. . စိတ်ချ. . ဒီနေ့တော့ အူမြူးသွားပြီ. . ဟီဟီ"

ဆိုကာ ကားအစုတ်ကလေးကို လျှင်မြန်စွာမောင်းပေးရှာသည်။ ဟိုရောက်တော့

"ဟာ. . ကိုကြည်ရာနောက်ကျလိုက်တာဗျာ၊ ဒီမှာ ကိုကြည်ကို ဇာတ်လမ်းနဲ့ပတ်သက်တာ ရှင်းပြခိုင်းဖို့ဟာ မမီတော့ဘူး"

ဟုတ်ပါရဲ့. . ထိုသို့ညှော်ခံပွဲများမှာ ကျွန်တော်တို့က အမှာစကားပြောပေးနေကြကို။

"ရပါတယ်ဗျာ၊ ပြီးတော့လဲ ပြီးသွားတာပဲမဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ် ဒါပေမယ့် ဇာတ်လမ်းအကြောင်း မသိရတော့ သတင်းသမားတွေက ဘာရေးရမှာလဲ"

ပရိုဂျူဆာက သိပ်မကျေနပ်။ ကျွန်တော်ကသာ. .

'ဒါဖြင့်လဲ ဇာတ်လမ်းအကြောင်းသိချင် ကျွန်တော့်မေးလို့သာပြောလိုက်ဗျာ"

ဆိုကာ ခုံတစ်လုံးမှာဝင်ထိုင်လိုက်သည်။ ဗိုက်ကလဲဆာနေပြီကိုး။

သိပ်မကြာပါ။ ဇာတ်လမ်းအကြောင်း သိလိုသူတချို့ ကျွန်တော့်ကိုလာမေးသည်။

ထိုမျှအထိ ကျွန်တော်စိတ်မဆိုး။ စိတ်ဆိုးစရာကောင်းသည်က. . .

"ကိုကြည်. . ဒီဖက်လှည့်ပြီး ပြုံးထားပေးပါ၊ ရိုက်မယ်"

"ချပ်"



ဘာဖလင်မှဘာကင်မှမပါသော ဒီဂျစ်တယ် ကင်မရာအစုတ်ကြီးတစ်လုံးနှင့် မင်းသားမင်းသမီးတွေ လျှောက်ရိုက်၊ ပြီးလျှင် ပြုံးပြုံးကြီး ကျွန်တော့်ကို လာရိုက်နေသော ဖေ့ယျာ။ ဒီကောင့်မျက်နှာ ပြုံးဖြီးဖြီးကြီးမြင်တော့ အကြောင်းသိ ကျွန်တော့်မှာ အူတွေယားနေတာ။

ဒါတောင်ဒီကောင်က. .

"ကဲ. . ဒီဇာတ်ကားမှာပါတဲ့လူ အားလုံးစုလိုက်ပါ၊ အမှတ်တရ ဓာတ်ပုံရိုက်ချင်လို့"

ဂျာနယ်လစ်များ ပြောတော့လဲ စုပေးရရှာတယ်။ ပြီးတော့ ဘယ်နှလုံး ပျက်ပြီ ဘယ်နှလုံးကောင်းမှန်းမသိသော ကင်မရာများက တဖျတ်ဖျတ်။ အကြောင်းသိပေမယ့် လူအမြင်ကောင်းအောင်ပြုံးနေရသေး။

XXXX



ကင်မရာ
အစုတ်ကြီးတစ်လုံးနှင့်
မင်းသားမင်းသမီးတွေ
လျှောက်ရိုက်၊
ပြီးလျှင် ပြုံးပြုံးကြီး
ကျွန်တော့်ကို
လာရိုက်နေသော

www.burmeseclassic.com



ရန်ကုန်မြို့ဆိုပေမယ့် ကျွန်တော်နေသော ရပ်ကွက်ကလေးက ခေါင်လွန်းလှသည်။ သိပ်မလှမ်းမကမ်းတွင် စည်ကားသောလမ်းမကျယ်။ တစ်ဖက်မှာ အဆင့်မြင့်တိုက်ခန်းများရှိသော်ငြား ကျွန်တော်တို့နေထိုင်ရာ ရပ်ကွက်ကလေးသာ ကျေးတောရွာနှင့်မခြား။

အိမ်များကလဲ တောရွာအတိုင်း။ လမ်းကလဲ မြို့နှင့်ခြားနားစွာမြေနီလမ်းကလေး။ နံဘေးနားမှာတင်ကွန်ကရစ်လမ်းမကြီးများ၊ ကတ္တရာလမ်းများရှိသော်ငြား၊ ကျွန်တော်တို့ရပ်ကွက်ကလေးသာ ကွက်ပြီးခေါင်နေခြင်းဖြစ်သည်။

ခေါင်သာခေါင်နေတာ။ ဤနေရာလေးသည် ယခုကဲ့သို့ရပ်ကွက်ကြီး၊ လမ်းကြီးများမရှိခင်ကတည်းက ရှိခဲ့သောသက်တမ်းရင့်ရွာကလေး။ လူနေမှုအဆင့်မြင့်ပြီး လူနေထူထပ်လာတော့လဲ ရပ်ကွက်





ဖြစ်လာတာပေါ့။

သို့သော် နေထိုင်ကြသူအများစုမှာ ရှေးယခင်အတိုင်းကျေးလက်ဆန်ဆန်။ ကျေးလက်ယဉ်ကျေးမှုအစုံရှိသည်။ ကျေးလက်လေ့စရိုက်လဲမလျော့။

ထို့ကြောင့် ကျေးလက်တို့၏ဟန်ပန်အတိုင်း မိုက်ရှူးရဲများလဲ အတော်များများရှိသည်။

"မိုက်ရူးရဲ. ."

မိုက်ရူးရဲဟူသော ဝေါဟာရကို ရှေးယခင်ကတော့ သေရမှာမကြောက်၊ နာရမှာမသိသူများ၊ ကမူးရှူးထိုးလုပ်တတ်သူများ၊ နောက်မတွန့်တတ်သူများကို ဆိုလိုခြင်းဖြစ်၏။

ယခုကျွန်တော်ဆိုလိုသော မြို့ပြလူဆိုးမိုက်ရူးရဲများက ထိုသို့မဟုတ်။

မိုက်မြင်လျှင် ရူးပြီးရဲသွားသွားသော၊ မိုက်ရူးရဲများကို ဆိုလိုခြင်းဖြစ်၏။ မယုံရင်ကြည့်ပါ။ ကာရာအိုကေမှာ မိုက်ရူးရဲတွေတသီကြီး။

မိုက်မြင်လျှင်ကို ရူးပြီးရဲသွားသူတွေ။ (ကျွန်တော်တို့စာပေအသိုင်းအဝိုင်းညီအစ်ကိုတွေမှာကို မနည်း။)

ထားပါတော့။ ကာရာအိုကေမိုက်ရူးရဲများက ဘယ်သူ့မှဒုက္ခမပေး။ သူငှားထားသောအခန်းထဲတွင် သူ့ကိုယုံကြည်သူတချို့ကိုသာအသံနှင့်နှိပ်စက်ခြင်းပင်။ နားမထောင်ချင် အပြင်မှာထွက်နေရ၏။

ရပ်ကွက်အတွင်းမှ ဘုရားတကာမိုက်ရူးရဲများကား ထိုသို့မဟုတ်။ ဝါတွင်းကာလ သို့မဟုတ် တစ်လတစ်ခါရှိသော မြန်မာ့ပွဲတော်များကို အကြောင်းပြု၍ ရပ်ကွက်မှစုပေါင်းလှူဒါန်းထားသောဓမ္မာရုံသော်လည်းကောင်း၊ အလှူခံမဏ္ဍပ်ကိုသော်လည်းကောင်း အခိုင်စီးကာ၊ အသံပြုလန်စွာထွက်သော လော်စပီကာကြီးကို မြင့်သ



www.burmeseclassic.com

www.burmeseclassic.com



ထက်မြင့်အောင် တိုင်ထိပ်ဖျားတက်ချည်ပြီး သိရာမှတ်ရာ ထင်ရာမြင်ရာ တရားဓမ္မနှင့်ယှဉ်သောတရားများ ဟောကြားခြင်းပင်။

ကျွန်တော်သိသလောက်၊ သက်နိုးစည်းထားသောရဟန်းသံဃာများပင်လျှင် တရားဟောကြားခြင်းကို လက်လွတ်စပယ် ခွင့်မပြု။ အနိမ့်ဆုံး၊ ပထမကြီးအောင်၊ (သို့) ဓမ္မစရိယဘွဲ့တော်ရမှ တရားဟောကြားခွင့်ရပေသည်။

သို့သော် ရပ်ကွက်အတွင်းမှ မိုက်ရူးရဲကြီးများကတော့ ဘာမှ မလို။ ခွက်ပုန်းဆယ့်ငါးကျပ်ဖိုးနှင့် တိုင်းရင်းဖြစ်ဆေးဘူးခွံမှဆေးညွှန်းရေးသားထားသော ပါဠိစာတစ်လုံးနှစ်လုံးဖတ်တတ်ရုံနှင့် ပြောချင်တာပြောခွင့်ရပေပြီ။

သူတို့ကလဲ ဘာမှမတတ်။ မိုက်ကရိုဖုန်းမြင်လျှင် ရူးပြီး ရဲသွားသောစိတ်ဖြင့်ထင်ရာမြင်ရာပြောဆိုမှုကို မကြားချင်လဲ လော်စပီကာက ထိပ်တင်ထားသည့်အတွက် ကြားနေရပြီ၊ အထင်မှားအမြင်မှားဖြစ်စေသော တရားတော်များလည်း မနည်းမနောပေါ်ထွက်လာပေပြီ။ တစ်ခါတစ်ရံ၌လဲ ကိုယ်ပိုင်သောနတ်အကြောင်းများတရားသဖွယ်ဟောကြား၍ ထိုနတ်များကို အားကျမိသော လူငယ်များကလဲ အရက်ဆိုင်မှာ တပုံတပင်။

မည်သည့်အတွက်ကြောင့် အလှူခံမဏ္ဍပ်မှ လူများကို တရားဟောခွင့်ပြုထားသည်ကို စဉ်းစားမရ။

ထားတော့။

ကျွန်တော် ယခုတင်ပြမည့် အကြောင်းအရာက ရပ်ကွက်အတွင်းမှ မိုက်ရူးရဲဦးထားဝယ်အကြောင်းပင်။

ဦးထားဝယ်မှာ မိုက်ရူးရဲထုံးစံအတိုင်း ရပ်ကွက်အတွင်း ဘယ်နေရာ လော်စပီကာဖွင့်ဖွင့် ရောက်အောင်သွားပြီး၊ မိုက်ခွက်ဆွဲကာ ထင်ရာမြင်ရာ ပြောတတ်ကြောင်းကား ရှင်းပြရန်မလို။ မိုက်ခွက်





နှင့် ပြောစရာမလိုသော မင်္ဂလာပွဲများ၊ အလှူပွဲများ၌လဲ စက်ဆရာကိုမောင်းထုတ်ကာ သူကြိုက်သောသီချင်းများကို ထင်ရာမြင်ရာစွတ်စက်ဖွင့်တော့၏။

မင်္ဂလာပွဲ၌လဲ ချစ်တိုင်းလဲမညားဖွင့်၏။ စိုးပိုင်၏ ရင်ကွဲနာအသံကြီးနှင့်

"နှစ်ကိုယ်ယှဉ်တွဲ . . ပျော်မြူးမယ် ဒီပွဲရဲ့ လက်ထပ်မင်္ဂလာ၊ ကိုယ်တိုင်ပဲ လာရောက်နှုတ်ဆက်တယ် အချစ်ဟောင်းရယ်"

ဆိုတာလဲ ကြားရ၏။ ကိုမင်းအောင်၏

"ဖိတ်စာကြည်ပြာလေးမှာ မောင်ကိုယ်တိုင်လာရောက်ပါလို့ ချီးမြှင့်လှည့်ပါ . . ချီးမြှင့်လှည့်ပါ . . ငယ်ချစ်ဟောင်းရဲ့ လက်ထပ်မင်္ဂလာပွဲမှာ"

ဆိုတာလဲ ပါတယ်။ မင်္ဂလာဆောင်မှန်လျှင် သီချင်းထဲ မင်္ဂလာတစ်လုံးပါလျှင် ပြီးရော၊ မင်္ဂလာရှိမှန်းမသိ၊ မရှိမှန်းမသိ စွတ်စက်ဖွင့်၍ မျက်နှာပျက်ရသူမနည်း။

အသုဘဆိုလျှင် . .

"မောင့်အချစ်မြားစူး"

ထိုသီချင်းက ပုံမှန်ဖွင့်၏။ ထို့ကြောင့် ရပ်ကွက်အတွင်း၌ မောင့်အချစ်မြားစူးနှင့်သေသူ ဒုနှင့်ဒေး။ တစ်ယောက်သေလဲ ဖွင့်ပြန်ပြီ မောင့်အချစ်မြားစူး၊ နောက်တစ်ယောက်သေလဲ မောင့်အချစ်မြားစူး။

ရပ်ကွက်ထဲ စကားပုံတောင်ဖြစ်နေပြီ။

"ကိုတင်ဆောင့်အဖေတော့ မောင့်အချစ်မြားစူးပဟော့"

သွားမကြည့်နဲ့ သေပြီ။

"ဒေါ်ခင်မေတို့ ဗုဒ္ဓဟူးနေ့ကတည်းက မောင့်အချစ်မြားစူးသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



ရက်လည်နေ့ တွက်လို့ရပြီ။

ထားဦးတော့။

ယခုတစ်ခါက မင်္ဂလာကိစ္စ။

ထူးခြားတာက ဒီမင်္ဂလာကိစ္စကလဲ တစ်ယောက်ကိုတစ်ယောက်ချစ်လို့ ယူကြတဲ့ မင်္ဂလာပွဲတော့မဟုတ်။

ဖြူနုဆိုသော ကောင်မလေးက ရပ်ကွက်ထဲက တင်ဝင်းဆိုသောကောင်လေးနှင့်ညိပြီး ကိုယ်ဝန်ပဲရှိနေသလိုလို သတင်းထွက်၏။ ဒါကို သူ့မိဘများက အဆင်မပြေသောတင်ဝင်းနှင့် မပေးစားချင်၊ တခြားရပ်ကွက်မှ ကိုမောင်မဲခေါ် ဦးဝင်းမြင့်နှင့် ကြောင်းလမ်းပေးလိုက်ကြသည်။

မောင်မဲခေါ် ဦးဝင်းမြင့်က နာမည်နှင့်လိုက်အောင်မဲလှပါသည်။ မဲတာကို စံချိန်တင်ပါတ သူသာ ဂင်းနစ်ရနိုင်သည့်အနေအထား။ သို့သော် ဦးဝင်းမြင့်က အနေအထားက မသားနားသော်ငြား၊ ရွှေပြားကတော့ သားနားသည်။

နယ်မှာ လယ်ခြံမြေရှိသည့်အပြင်၊ မြို့မှာကလဲ ပါပလေကားနှင့်။ ဤမျှလောက် ချမ်းသာကြွယ်ဝပါလျက် မိန်းမမရတာတော့ မွေးရာပါ အသားမည်းလို့ပင်ထင့်။


ယခုတော့ စွံရှာပြီ။ ဖြူနုဆိုသောကောင်မလေးနှင့်။ ဟိုကလဲ မောင့်အချစ်မြားစူးခါစ (အဲလေ. . အသုဘမှ မဟုတ်တာ)

ဘာပဲပြောပြော ဖုံးဖုံးဖိဖိနှင့်ပင် မင်္ဂလာပွဲကို စီရင်လိုက်ရသည်။ မင်္ဂလာပွဲတည်နေရာက ရပ်ကွက်မွှာရုံမှာ။ အဲဒီမှာတင် မိုက်ရှုးရဲကြီး. ဦးထားဝယ်နှင့် တွေ့ကြတာ။

ပထမပိုင်းတော့ စက်ဆရာက သူ့ဘာသာသူစက်ကိုင်တော့ အဆင်ပြေနေသည်။ ခိုင်သင်းကြည်မင်္ဂလာဆောင်ခွေခေါ် ချစ်သူတို့ရဲ့မင်္ဂလာတေးတစ်ခွေလုံး ဖွင့်ထားတော့ မင်္ဂလာကိုရှိနေတာ။







ဦးလေး. .
သတို့သား၊သတို့သမီး
မင်္ဂလာမဏ္ဍပ်ထဲဝင်တော့
မယ်ဗျ. . အဲဒါ
အခါတော်ပေးဖွင့်ပေးဖို့

သိပ်မကြာခင်. . . ဦးထားဝယ်ရောက်လာမှ သားစိုး၏ ရောသမမွှေတွေရော၊ 'ကျေးရွာအတွင်းမှ မှီတင်းနေထိုင်ကြပြီးသော သက်ကြီးရွယ်အို လူပျို အပျိုကလေးများအပေါင်းတို့ အလှူအိမ်ကိုကြွခဲ့ပါဗျို့'တွေဖြစ်ကုန်ပါလေရော။

"မင်္ဂလာဆောင်ဆိုတာ ပျော်ဖို့လိုတယ်ကွ"

ဦးထားဝယ်စကား။ Acon၏ Lonley လဲ ဖွင့်သေး၏။

ဤသို့ဖြင့် သတို့သား၊ သတို့သမီး စုံညီပြီး မင်္ဂလာခန်းထဲဝင်ရန် အချိန်ကျရောက်လာပါသည်။

စက်ဆရာက. .

"ဦးလေး သတို့သား သတို့သမီး မင်္ဂလာမဏ္ဍပ်ထဲ ဝင်တော့မယ်ဗျ၊ အဲဒါ အခါတော်ပေး ဖွင့်ပေးဖို့"

ဒါကို ဦးထားဝယ်က. .

"ငါသိပါတယ် ဆရာမလုပ်ပါနဲ့၊ ရာသက်ပန်အလှူခံလာတာ လျှာမရှည်စမ်းပါနဲ့"

"မဟုတ်ဘူး. . ဦးလေး. . အဲဒီသီချင်းက"

"ဟေ့ကောင်. . မင်းလျှာမရှည်နဲ့လို့ ပြောထားတယ်မဟုတ်လား၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်”

ဆိုကာ ငေါက်လွှတ်လိုက်သည်။ စက်ဆရာကလဲ ဒီရပ်ကွက်က မဟုတ်တော့ မပြောရဲ။ တော်ကြာ ထရိုက်လွှတ်လိုက်မှဖြင့် ဟုတ်ပေ့ဖြစ်နေဦးမည်။ ထို့ကြောင့် ဦးထားဝယ်အနောက်နား ငုတ်တုတ်ထိုင်ပြီး. .

“ခွေက ရစ်ရဦးမှာနော် ဦးလေး၊ ကျွန်တော့်ခွေအကြောင်း ကျွန်တော်သိတယ်”

ဦးထားဝယ် စက်ဆရာဝင်လုမှာစိုး၍ စီဒီစက်ကို ဒူးနှစ်ဖက်နှင့် ပိတ်ကွယ်ထိုင်ပြီး

“ငါသိပါတယ် ဆိုနေမှကွာ”

စက်ဆရာခမျာ ဘာမှမပြောသာတော့။

မင်္ဂလာသတို့သား သတို့သမီး စုံပေပြီ။ အပေါက်ဝကနေမှနေ၍ မဏ္ဍပ်ထဲဝင်ရန် အသင့်ဖြစ်ပေပြီ ဧည့်ပရိသတ်များကလဲ စုံနေပြီမို့ မင်္ဂလာမဏ္ဍပ်သို့ဝင်ရတော့မည်။

“ကဲ. . မင်္ဂလာအချိန်ကျရောက်ပြီမို့၊ မင်္ဂလာသတို့သား၊ သတို့သမီးလက်ချင်းယှက်၍ မင်္ဂလာမဏ္ဍပ်သို့ ကြွပါခင်ဗျား”

ဆိုကာ ဆော်ဩလိုက်သည်။ သတို့သားကိုမောင်မဲက သတို့သမီးဖြူနု၏ လက်ကို ပြုံးဖြီးဖြီးနှင့် လှမ်းကိုင်လိုက်ချိန်၊ မိုက်ရှူးရဲ ဦးထားဝယ်ကလဲ စီဒီခလုတ်ကို ကွက်တိနှိပ်ချလိုက်သည်။ သို့သော် သူထင်သလို အခါပေးသီချင်းမဟုတ်ဘဲ ထွက်လာသည်က . .

“အား. . လက်မဲကြီး. . လက်မဲကြီး. . . ”

“ဟာ”

အသံနှင့်အတူ အားလုံးကလဲ သတို့သမီးလက်ကိုလှမ်းကိုင်လိုက်သော ကိုမောင်မဲ၏ လက်မဲကြီးကို သတိထားမိသွားကုန်၏။

ဦးထားဝယ်လည်း သူမှားမှန်းသိ၍ ကမန်းကတန်းစီဒီကို





Next နှင့် ထပ်ကျော်လိုက်သည်။ သို့သော် ထွက်ပေါ်လာသောအသံက. .

“ဆရာမ. . သမီးဗိုက်ထဲက အောင့်အောင့်နေတယ်”

“အဲဒါ ဆိုက္ကားသမား တင်ဝင်းနဲ့ရတဲ့ ကိုယ်ဝန်ပေါ့ကွယ်”

မည်သူအာချောင်လိုက်သည် မသိ။ စီဒီထဲကထွက်လာသော အသံနှင့် မရှေးမနှောင်းထွက်လာသော အသံကြောင့် လူတွေ ဟားခနဲပွဲကျသွား၏။ သတို့သားကိုမောင်မဲ၏ မဲပြီးသားမျက်နှာ ပို၍မဲခနဲဖြစ်သွားပြီး. .

“ဟင်. . တင်ဝင်းနဲ့ရတဲ့ကိုယ်ဝန် ဟုတ်လား၊ ကဲဟာ. . အရှက်ခွဲဦး”

ဆိုကာ စီဒီစက်ကို ပြေးပြီး ဝုန်းခနဲ တွန်းချလိုက်သည်။ နောက်တော့ . .

“ဟင်. . သမီးဗိုက်ထဲက အောင့်ဦး၊ ငါ့ကို လက်မဲကြီးလို့ အရှက်ခွဲဦး”

နှင့်ရှက်ရမ်းရမ်းကာ မင်္ဂလာမဏ္ဍပ်ထဲ ပြင်ဆင်ထားသည်များကို ဒေါသတကြီး တွန်းဖြိုနေတော့၏။

မည်သူမှလဲ မဆွဲနိုင်။ စိတ်ရှိလက်ရှိ ဖြိုဖျက်ပြီးမှ. .

“ဒီမင်္ဂလာပွဲကို ငါဖျက်တယ်”

ဩော်. . ဖျက်ပြီးမှ ဖျက်တယ်ဆိုတော့လဲ ဘာပြောရတော့မည်နည်း။

ဤသို့ဖြင့်. .

မိုက်ရှူးရဲ ဦးထားဝယ်၏ကောင်းမှုနှင့် ဖြူနုခမျာ တင်ဝင်းနှင့်ပင် မောင့်အချစ်မြားပြန်စူးပြီး၊ ကိုမောင်မဲခမျာတော့ ဖိတ်စာ ကြည်ပြာလေးကိုင်ပြီး တစ်ခုလပ် ဖြစ်သွားရရှာလေသည်။

××××



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာဆိုတာဖြစ်ပြီးမှ ကျွန်တော့်မှာအမှုတစ်ခုပြ
သေးတယ်။

စာပေနယ်ထဲ အနုပညာနယ်ထဲ ဖြစ်တာမဟုတ်ဘူး။ အ
မှာဖြစ်တာ။ ဖြစ်တာကလဲ ခါတိုင်းလို ကျွန်တော်ဆတ်ဆော့လို့ မဟု
တာလုပ်မိလို့ ဖြစ်တာမဟုတ်ဘူး။ ဟုတ်တာလုပ်ရင်းကို ဖြစ်တာ

ဖြစ်ပုံက ဒီလို။

xxxx





ငွေယားကလေးများရှိလျှင် အင်မတန်အာချောင်ချင်သော ကျွန်တော့်ထုံးစံအတိုင်း

"တော်ပြီကွာ. . မင်းတို့နဲ့နေရတာ. . ငါ့ရဲ့ဂုဏ်သိက္ခာကို ဘတိတိနဲ့ ပွန်းပဲ့စေတယ်။ အဲဒီတော့ မင်းတို့ရဲ့တောခြုံအုံကြားမှာ ငါမနေတော့ဘူး။ မြို့ပေါ်မှာပဲ ငါ့ဘာသာငါ အေးအေးဆေးဆေးသွားနေတော့မယ်"

သိတယ်မဟုတ်လား။ ကျွန်တော်ဆိုတဲ့ကောင်က အမြဲတမ်း အိမ်ပေါ်ကဆင်းနေကျ။ ဒီမှာမှမဟုတ်ဘူး။ မိဘအိမ်နေကတည်းက ဆယ့်သုံးနှစ်သားအရွယ်ကစလို့ အိမ်ပေါ်ကဆင်း အိမ်ပြေးလုပ်လာတာ။ နှစ်နှစ်ကျော်ပြီးမှ အိမ်ပြန်ရောက်တာ။ အဲဒီထဲက ခွေးမဖြစ်တာအံကောင်း။

ဒီကြားထဲ အလျှဉ်းသင့်ရင်သင့်သလို အိမ်ပေါ်ကဆင်းနေတာ။ အခုလဲကြည့်ပါလား မိဘအိမ်က ခြေမဲ့လက်မဲ့ဆင်းလာတာ ဆယ့်ငါးနှစ်ကျော်ပြီ။

အဲဒီကစပြီး အကျင့်ပါခဲ့သလားတော့မသိ။ တစ်ခုခုဖြစ်လျှင် အိမ်ပေါ်ကဆင်းရန် ခြေပြင်ပြီးသား။

အိမ်ကကောင်တွေကလဲ သိတယ်။ ကျွန်တော်ငွေယားလေး ရှိလို့ အာချောင်တယ်ဆိုတာ။ ဒီအတိုင်းနားထောင်နေတယ်။ ဘယ်သူမှ စိတ်ဝင်စားပုံမပေါ်ဘူး။ သူတို့ပုံကိုကြည့်ပြီး ကျွန်တော်လဲ ဆင်းသွားပြီး

"မင်းတို့သိမ့်တယ်. . ငါဘယ်လောက်ကတိတည်တယ်ဆိုတာ ဒီတစ်ခါ တကယ်ပြောတာ၊ ငါ. . ဒီကို ဘယ်တော့မှ ပြန်မလာတော့ဘူး. . ဒါပဲ"

အားလုံး ဆေးလိပ်ဖွာသူဖွာ၊ စာဖတ်သူဖတ်၊ ပန်းချီရေးသူရေးနဲ့ သူ့အလုပ်သူ လုပ်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကတိတည်တယ်ဆိုတာ သူတို့သိတယ်လေ။

စာမူပေးဖို့ချိန်းထားရက်ဆို ဘယ်တော့မှမပေးဘူး။ အဲဒီနေ့မှာ ချိန်းထားတာရှိရင် မသွားဘူး။ ဘယ်သူက ဘယ်အချိန် အိမ်လာမယ်ဆိုရင် ရှောင်နေတယ်။ (အလုပ်မရှိအကိုင်မရှိ တမင်ရှောင်နေတာ။)

မဖြစ်မနေလာရမယ်ဆိုရင် မသွားဘူး။ အထူးသဖြင့် အရေးတကြီး စည်ကားတဲ့ပွဲတွေဆို မတက်ဘူး။ အလုပ်မရှိပါဘဲ မအားချင်ယောင်ဆောင်နေတာ။

စဉ်းစားကြည့်လေ။ စာရေးတယ်ဆိုတာ။

ကိုယ်မရေးတော့တဲ့အချိန်တိုင်း အားနေတာ။ အားချင်ရင် ရေးလက်စ စာအုပ်လေး ဘေးချလိုက်. . ကဲ အားပြီ။ အဲဒါမှမဟုတ်ဘဲ မအားဘူးဆိုရလောက်အောင် ဘာလုပ်နေလို့လဲ။ ဘာမှလဲမလုပ်ဘူး။

ဒါပေမယ့် အဲဒီလိုမအားချင်ယောင်ဆောင်ရတာကို ဝါသနာကြီးတာ။အဓိကကတော့ ကတိမတည်တာကို ဝါသနာပါတာ။

အခုလဲ အိမ်ကကောင်တွေ သိတယ်။

"ဘယ်တော့မှ ပြန်မလာဘူး" ဆိုတာ "ငါပြန်လာဦးမယ်နော်" ဆိုတာမှန်း။

ဒါကြောင့် ကျွန်တော့်စကားဆို အဖက်မလုပ်ဘူး။

"မင်းတို့ကြည့်နေပါ. . . ငါက ကတိသမား"

ဆိုပြီး အိမ်ပေါ်ကဆင်းခဲ့တယ်။ အိမ်ထဲမှာတော့ပျင်းလွန်းလို့ သမ်းတဲ့သူတောင် သမ်းနေသေး။

××××



အမှန်တော့ မြို့ပြဆိုတာ ကျွန်တော်တို့အတွက်တော့ နေလို့ထိုင်လို့ မကိုက်ဆုံးနေရာပါ။ အဓိက မြေကြီးမနင်းရကတည်းက နေလို့ထိုင်လို့ မရတော့ဘူး။

တောသားပဲဆိုဆို ခေတ်မမီဘူးပဲပြောပြော၊ မြေကြီးမနင်းရတာကိုက ကိုယ့်အတွက် စိတ်ခုစရာ။

ယခုလဲ မြို့လည်တိုက်ခန်းမှာနေပြီး တစ်ယောက်တည်း ယောင်မပေပေ ဖြစ်နေမိသည်။

ဝရန်တာထွက်၍ ငေးမောနေမိသည်။

ဖြတ်သွားဖြတ်လာက မနည်းမနော။ အားသာချက်တော့ရှိသည်။ နေနေကျရပ်ကွက်ကလေးမှာ မ,နှင့်တူတာတွေ့ရဖို့ မနည်းမနော စောင့်ရတာမျိုးမဟုတ်ဘဲ ထိုင်နေရင်း မျက်စိရှောင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



မပေါင်းစုံကို မြင်နေရခြင်းပင်။ ဤအရာကား အားသာချက်။ Good taste။

လန်းသည်။ ချစ်စဖွယ်ကောင်းသည်။ ပဿဒအပြုံးရှိသည်။

နေနေကျွရပ်ကွက်ထဲကလို အပေအတေမျိုးတစ်ယောက်မှ မရှိ။ ထဘီဝတ်ထားသောမိန်းမပင် ခပ်ရှားရှား။ တစ်နည်းပြောရလျှင် အားလုံးပစ္စတို။

တစ်မျိုးမထင်ပါနှင့်။ ရှင်းပြအံ့။

ကမ္ဘာမှာ လက်နက်ဆိုတာပေါ်စက လက်နက်တီထွင်သူများသည် ထိရောက်မှုပြင်းထန်ရန်၊ လိုအပ်သောအကွာအဝေးသို့ရောက်စေရန် ရည်ရွယ်ချက်ဖြင့် လက်နက်ကို ခပ်ကြီးကြီး ခပ်ရှည်ရှည်များသာ တီထွင်ခဲ့ကြသည်။ အဓိကပြဿနာက သယ်ပိုးရခက်သော ပြဿနာ။

ခေတ်ကာလပြောင်းလဲလာသည့်အခါ ထိရောက်မှု အင်အားလဲမလျော့၊ ပို၍အသုံးဝင်ကာ၊ ပို၍သယ်ယူရလွယ်ကူသော သေနတ်အတိုကလေးများကို တီထွင်အသုံးပြုလာကြသည်။

ထိုကမှတစ်ဆင့် လက်ကိုင်အိတ်တစ်ခုအရွယ်၊ ဆေးပြင်းလိပ် တစ်လိပ်အရွယ်၊ အိပ်ကပ်ထဲထည့်သွားနိုင်သော လက်နက်တို့ ဆက်လက်တီထွင်ခဲ့ကြသည်။

"ပစ္စတို"မည်၏။

ခေတ်ကာလသားသမီးများလဲ ထိုအတိုင်းပင်။

ရှေးယခင်က သယ်ပိုးရလဲမလွယ်။ အနေရအထိုင်ရလဲခက်သည့်ထဘီ၊ ထိုင်မသိမ်းများကို ဝတ်ဆင်ပြီး ကာလရွေ့လျားလာသည့်အခါ အနည်းငယ်သက်တောင့်သက်သာသော စကပ်၊ ဘောင်းဘီများ ပြောင်းလဲဝတ်ဆင်လာရာမှ အထိုင်အထအသွားမှာ ကမ္ဘာပြားနေသော စကပ်အတို၊ ဘောင်းဘီအတိုများကို ပြောင်းလဲဝတ်ဆင်လာရာ





ယခုအခါ ကမ္ဘာပြားရုံမက ဝှက်လာသောပစ္စတိုပင် ချိန်သီးထွက်နေသည်အထိ ရဲတင်းခြင်း သွက်လက်ခြင်းများ ပေါင်းစပ်ထားသော ဝတ်စုံများကို ဆင်မြန်းနေကြပေပြီ။ ဘာပဲပြောပြော ကျွန်တော်တို့လို မဟာဖိုများအတွက်တော့ မင်္ဂလာရှိပါ့။ မည်သို့ပင်ဆိုစေကာမူ ကျား အချင်းချင်းဆိုလျှင် မှန်တောင်ပြန်မကြည့်ဘဲ ရှိတတ်သော ကျွန်တော့်အဖို့တော့ ထိုပစ္စတိုတရမ်းရမ်းနှင့် ယမ်းနံ့တသင်းသင်းကပင် လေကောင်းလေသန့် ရှူရှိုက်ရသလို ခံစားရလေ၏။

ဩော်. . ကြုံလို့ပြောရဦးမယ်။ ဒီစာကိုရေးနေစဉ်ကာလကမှ စာရေးဆရာမ (ကျွန်တော့်အစ်မ) မနော်ဟရီက အင်တာနက်ပေါ်လိုက်ရှာရင်း အူတက်နေတယ်။ သူကကျွန်တော့်ဆီကို ဝမ်းသာအားရဖုန်းဆက်ပြီး. .

"ဟဲ့. . ကိုကိုကြီး. . အင်တာနက်အပေါ်မှာ နင့်အကြောင်းရေးထားတယ်၊ ဟား ဟား ဟား"

သူ့ဘာသာသူပြောပြီး သူ့ဘာသာသူ အူရွှင်နေတာ။ ဒါနဲ့ ကျွန်တော်ကလဲ. . .

"ဟုတ်လားအစ်မ၊ ဒါဆို စမ်းသပ်ကြည့်ချင်စရာပဲ"

မနော်ဟရီဆိုတာ သေနာတွေရော၊ မသာတွေရော စုံသွားတာပဲ။

မနော် ကျွန်တော့်ကို ကောင်းကောင်းဆဲတတ်တာ နှစ်ကြိမ်ကြုံဖူးတယ်။ တစ်ခါက ကျွန်တော့်မိတ်ဆွေတစ်ယောက်ကို လမ်းကြုံလို့ သူနဲ့ မိတ်ဆက်ပေးဖူးတယ်။ ကျွန်တော့်သူငယ်ချင်းဆိုတဲ့ကောင်ကလည်း စာကိုဖတ်တာ မဟုတ်ဘူး။

"သူငယ်ချင်း. . ဒါလေ. . စာရေးဆရာမ မနော်ဟရီ"

ဆိုတော့ သူငယ်ချင်းက ခေါင်းညိတ်ပြီး. . .

"ကြားဖူးတယ်. . ကြားဖူးတယ်. . အဲ. . ဖတ်တောင်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



ဖူးသေးတယ်။ ဆရာမ မနုစာရီရေးတဲ့ မင်းသိခ်ဆိုတဲ့ဝတ္ထုလေ”

ဘာမှပြန်မပြောဘူး။ မျက်နှာပျက်ပြီး ဘောက်ဆတ်ဘောက်ဆတ်နဲ့ ထွက်သွားတယ်။ သိပ်မကြာဘူး ဖုန်းဆက်ပါလေရော. .

“သေနာကျလေး၊ နင် ငါ့ကို ဘယ်လိုကောင်မျိုးနဲ့ မိတ်ဆက်ပေးတာလဲ၊ နင်တမင်လုပ်တာ မဟုတ်လား”

စသည်ဖြင့်ပေါ့။ အမှန်တော့ မင်းသိခ်ရေးတဲ့ မနုစာရီဝတ္ထုပဲရှိတယ်။ ဒါကိုသူငယ်ချင်းက မနော်ဟရီလို့ ပြောတာကို မနုစာရီထင်ပြီး ရမ်းတုတ်သွားတာ။ ဟိုကောင်ကလဲ မသိရင် ငြိမ်ငြိမ်နေတာ မဟုတ်ဘူး။

“ဆရာမ မနုစာရီရေးတဲ့ မင်းသိခ်” ဆိုတဲ့ ဝတ္ထုတဲ့။ စဉ်းစားသာကြည့်။ ကျွန်တော့်ကို ပါးမချလိုက်တာကံကောင်း။ ထားပါတော့

မြို့ပြ၏ ပစ္စတိုယမ်းနံ့. . အဲ. . ဟုတ်ပေါင်. . မြို့ပြ၏ရနံ့များကို ရှူရှိုက်ရင်း ကိုယ့်ကိုကိုယ်ပြန်ကြည့်တော့ အင်မတန်တောင်ကျနေသည်ထင်ရ၏။

ကြည့်။ ကျွန်တော့်ပုံ။

အကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ဆံပင်ရှည်၊ မုတ်ဆိတ်ရှည် အဲ. . ရှည်တာရှိသေးတယ်။ ပြောမကောင်းလို့၊ အို. . . ပြောပြလိုက်ပါ့မယ်လေ. . မရှက်တော့ပါဘူး။ ခြေသည်း လက်သည်းကအစ ရှည်နေတာ။ ဟီဟီ. . တစ်မျိုးမထင်နဲ့။ ကိုယ်လဲ ပစ္စတိုမျိုး။

အောက်ကိုငုံ့ကြည့်လိုက်။ အောက်ကိုငုံ့ကြည့်လိုက် ဖြစ်နေသည်။


အောက်ကို ငုံ့ကြည့်လိုက်ဆိုတာ လမ်းမပေါ်ကိုပြောတာနောက် အောက်ကိုငုံ့ကြည့်လိုက်ဆိုတာ ကိုယ့်ကိုကိုယ်ငုံ့ကြည့်လိုက်ဖြစ်နေတာ။

“စိတ်မကောင်းလိုက်တာ”





“သူများတိုတိုင်း ငါ့မှာလိုက်မတိုရရှာပါ့လား”



သူများတိုနေချိန်မှာတော့ ငါ့မှာ အရှည်ကြီးပါလား။

ကြည့်ရင်းကြည့်ရင်းနဲ့ ကိုယ့်ပုံက ခေတ်မမီသလို ဖြစ်လာ၏။

သူများတွေ ဂေါ်နေချိန်၊ ကိုယ့်ခယ် ဂေါ်ခွင့်ရှိပါလျက်၊ မဂေါ်ရက်။

ဩော်. . . ငါ့မလဲ ပုံတုံးကြီး တစ်ကွက်နဲ့ ပေတရာပေါ်တက်ပြီး ငွေရှာထွက်နေတဲ့ကြက်. . အဲလေ. . ဘဲကြီးဖြစ်နေပါရောလား။

ဩော်. . .
ငါ့မလဲ ပုံတုံးကြီး
တစ်ကွက်နဲ့
ပေတရာပေါ်တက်ပြီး
ငွေရှာထွက်နေတဲ့

“စိတ်မကောင်းလိုက်တာ”

ဘာပဲဖြစ်ဖြစ် သူများဂေါ်လျှင်ငါလဲဂေါ်မည်ဟု စိတ်ပိုင်းဖြတ်ပြီး. . .

“ဟယ် ဒီပုံစံ ဒီဇိုင်းကြီးနဲ့တော့ မဖြစ်သေးဘူး။ မြို့ပေါ်မှာနေတုန်းနေခိုက် တော်ိုင်မိုက်သွားအောင် ဆင်ဦးမှ”

ဟုအားတင်းကာ မတ်တပ်ထရပ်လိုက်သည်။ စိတ်ထဲတွင်လဲ ရန်သူပေါင်းတစ်သောင်းနှစ်ထောင်ကျော်ကို နှိမ်နင်းရသည့် ရမ်ဘိုကဲ့သို့ ခံစားလိုက်ရသည်။

ဒန် ဒန့် ဒန်. . . . (ဂီတာသံ)
ဒုဒ္ဒိ (ဒရမ်ရိုးဆွဲသံ)

××××



www.burmeseclassic.com

www.burmeseclassic.com



မြို့လည်ကောင်တိုက်ခန်းတို့၏ ထုံးစံအတိုင်း မြေညီထပ်မှန်လျှင် ဈေးဆိုင်အဖြစ် တစ်ခုခုတော့ ရောင်းကြသည်ချည်း။

ကံကောင်းချင်တော့ ကျွန်တော်နေသော မြေညီထပ်ဝင်ပတ်လည်တိုက်ခန်းများမှာ အရက်ဆိုင်တွေချည်း။ အဲ. . အရက်ဆိုင်ရှိတိုင်း ကံကောင်းရမလား။ တကယ်လဲပြောတာပါ။

မယုံရင် မြားအစင်းနှစ်ဆယ်လောက် လေးကြိုးမှာတပ်၊ မကောင်းသူထိပ် ကောင်းသူထိပ်လို့အော်ပြီး မိုးပေါ် ထောင်ပစ်၊ ပြန်ကျတာ အရက်ဆိုင်ခေါင်မိုးချည်း ဖြစ်ရမယ်။ လောင်းရဲတယ်။

ဝရန်တာထွက်လိုက်။ ရှေ့တည့်တည့်က အရက်ဆိုင်၊ ညာစောင်းထိုးက အရက်ဆိုင်။ မျက်စောင်းထပ်ထိုးလိုက်ဦး၊ အရက်ဆိုင်။ ဇက်ညောင်းလို့ ဘေးလှည့်လိုက်။ ဒါလဲ အရက်ဆိုင်. . ကဲ. . ။





လူတွေများ စီးပွားရေး မကောင်းဘူး။ မကောင်းဘူးနဲ့သာ ညည်းနေကြတာ။ တကယ်တမ်းကျတော့ ဘယ်ဆိုင်ကြည့်ကြည့်လူပြည့်၊ တစ်ခါတစ်လေ အဲဒီလူပြည့်ထဲမှာ ကိုယ်တောင်ပါသေး။ ဟုတ်ပေါင်။

အဲ. . ကံကောင်းချင်တော့ ကျွန်တော်နေသည့် တိုက်ခန်း၏ မြေညီထပ်တွင်တော့ ဘာရောင်းမှန်းသေချာမသိသော စတိုးဆိုင်နှင့် တစ်ဖက်တွင် ကုန်စုံဆိုင်တစ်ဆိုင် ရှိနေခြင်းပင်။

အဝတ်အစားမှန်လျှင် သူတစ်ပါးဝယ်ပြီးသားကိုသာ မသိချင်ယောင်ဆောင်၍ အသာလှိုပြီး ခပ်တည်တည် ကိုယ့်ပစ္စည်းလုပ်နေကျဆိုတော့ ကိုယ်တိုင်ဝယ်ရမည့်အခါ ရှက်သလိုလို။

“ဟယ်. . ကိုယ်လှဖို့ပဲ ရှက်မနေနိုင်ပါဘူး”

ဟု စိတ်ပိုင်းဖြတ်ရင်း အဝတ်အစားဝယ်ရန် အခန်းကိုပိတ်၍ အောက်သို့ဆင်းလိုက်ရသည်။ တစ်ခါမှ ကိုယ်တိုင်မလုပ်ဘူးသော အလုပ်မို့ ငယ်စဉ်ကထဲက ပျောက်နေသော ရှက်ကြောအတက်ကလေး ပြန်ထွက်လာသည်။ (ပြန်စဉ်းစားကြည့်တော့၊ အဲဒီအချိန်ကရှက်လွန်းလို့ ပါးအိုလေးကိုရဲနေမှာ၊ ဟီဟီ. . ရှက်သွေးဖြန်း. . အဲလေ. . ရှက်သွေးဖြန်းနေတာ ပြောတာ။)

ဩော်. . ကိုယ့်မှာတော့ အဝတ်ကလေး တစ်ထည်နှစ်ထည် ဝယ်ဖို့ကို ဘုရင့်နောင် ဖောင်ဖြင်သလိုကို ခံစားနေရတယ်။ (ဖောင်ဖျက်ပြီး ပြန်ပြင်ရတာလေ။)

အခန့်သင့်ပင် အောက်ဖက်စတိုးဆိုင်ရှေ့တွင် အင်္ကျီများ၊ ဘောင်းဘီများ ချိတ်ထားတာကို တွေ့ရ၏။ အထဲကို လှမ်းကြည့်လိုက်တော့ စင်အဆင့်ဆင့်နှင့် ဖိနပ်များအပြည့်အသိပ် စီရီထားသည်ကို တွေ့ရ၏။

ဖိနပ်စတိုးဆိုင်က စီးပွားရေးခဲ့ထွင်ပြီး အဝတ်အစားပါ တွဲရောင်းပြီထင့်။



www.burmeseclassic.com

www.burmeseclassic.com



လူရိပ်လူခြေကြည့်၍ ဆိုင်ထဲ ဖျတ်ခနဲ ဝင်လိုက်သည်။ ဘေးဘီလဲ ဝေ့ကြည့်ရသေး၏။ အသိတစ်ယောက်ယောက်က ကိုယ့်အဝတ်ဝယ်နေတာ တွေ့သွားရင်ဖြင့် ရှက်စရာကြီး။ ဟီဟီ။ တစ်ခါမှမလုပ်ဖူးတာကိုး။

ပြီးနောက် မခိုင့်တရိုနှင့်ချိတ်ထားသော အင်္ကျီများကို ကိုင်ကြည့်လိုက်သည်။

ဘာတံဆိပ်မှန်းမသိ။ တံဆိပ်လဲကပ်မထား။ ဈေးနှုန်းလဲရေးမထား။ အင်္ကျီက အပြာရောင်လေး။

"ဈေးနှုန်းကရေးမထားတော့ ဈေးကြီးနေရင်ဒုက္ခ"

တွေးမိပြီး ဆိုင်ထဲဝေ့ကြည့်လိုက်သည်။ ဆိုင်ထဲမှာတော့အဒေါ်ကြီးတစ်ယောက်နှင့် ဦးကြီးတစ်ယောက်က ကျွန်တော့်ကို ပါးစပ်လေးဟပြီး ငေးနေသည်။

"ဈေးနှုန်းခေါ်မေးလိုက်ရ ကောင်းမလား"

စဉ်းစားမိသေးသည်။ နောက်မှ. . .

"ဈေးနှုန်းမေးပြီး မဝယ်နိုင်ရင် ရှက်စရာ"

ဟုတွေးမိပြီး သင့်တော်မည့်နောက်တစ်ထည်ကို ထပ်ရွေးလိုက်သည်။

"ဒါလေးက မဆိုးဘူးဟ"

စပို့ရှပ်အရောင်လေးက ကျွန်တော်ကြိုက်သော အရောင်မှိုင်းလေး။

"ဈေးနှုန်းက ဘယ်လောက်. . အို. . သိစရာမလိုပါဘူး. . တစ်ခါတလေ ဝယ်တာပဲ ဘယ်လောက်ဖြစ်ဖြစ် လူမြင်သွားမှ ရှက်စရာ"

ဟုတွေးမိပြီး၊ အင်္ကျီကိုချိတ်မှ ကမန်းကတန်း ဖြုတ်လိုက်သည်။ နောက်တစ်ထည်။





ဖလန်ထည်အညိုကွက်ကလေး။ ဒါလေးလဲမဆိုး။ အသိများမြင်ကုန်မည်စိုး၍ ထပ်ဖြုတ်ယူလိုက်သည်။ ကိုယ့်လုပ်ရပ်ကိုယ်. . သဘောကျမိသေး။

"ဟီဟီ"

နောက်တစ်ထည်က လွန်စွာဂေါ်သည်။

စပို့ရှပ်ကလေး။ ရင်ဘတ်နှင့်နောက်ကျောတွင် ကနုတ်ပန်းများနှင့်။ အတော်ကလေးကို ကလေးကလားဆန်သည်။ သို့သော်ဂေါ်သည်။ လန်း၏။ ဒါမျိုးတစ်ခါမှ မဝတ်။ ဝတ်လိုက်လျှင် ဘာဘူရုပ်ထွက်မည်မသိ။ ဘာပဲပြောပြော ရာသက်ပန်မှိုင်းနေသော မျက်နှာကြီး ဝင်းလာမှာ သေချာသည်။

"ဟီ. . . ခိ"

ဘေးဘီဝေ့ကြည့်မိသည်။ ဒါမျိုးကို ဝတ်ဖို့မပြောနှင့် ဖြုတ်ဖို့ကို အတော်ရှက်စရာကောင်းနေသည်။ သို့သော် မြို့ကြီးသားများအဝတ်များသည့်အဆင်မို့ ကိုယ်လဲ ဝတ်ချင်နေမိသည်။

ထို့ကြောင့် ခြေလှမ်းကိုရှို့ပြီး အင်္ကျီနားအသာကပ်ကာ ဆတ်ခနဲ ဖြုတ်လိုက်သည်။

ဆိုင်ထဲမှ ဦးကြီးနှင့်အဒေါ်ကြီးကတော့ ကျွန်တော့်အပြုအမူကို အထူးအဆန်းသဖွယ် ကြည့်နေကြသည်။ အင်္ကျီဝယ်တာတောင်ခိုးကြောင်ခိုးဝှက် ဝယ်နေတာကိုး။ ဟော. . တွေ့ပြန်ပြီ နောက်တစ်ထည်၊ အင်္ကျီက အဖြူပေါ်ရေညှိတက်နေသလို အရောင်ကလေး။ ကျွန်တော်ကြိုက်သောအရောင်ပင်။ ထို့ကြောင့် လူမြင်သွားမှာစိုး၍ကုပ်ချောင်းချောင်းနှင့် အင်္ကျီချိတ်ကို ထပ်အဖြုတ်

"လာကြပါဦးရှင်. . လာကြပါဦး၊ ဒီမှာ နေ့ခင်းကြောင်တောင် ဝင်ခိုးနေလို့. . လာကြပါဦးရှင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အထဲမှ မိန်းမကြီးအော်သံကြောင့်ခေါင်းထောင်သွားမိသည်။ နောက်ဘေးဘီဝေ့ကြည့်ရင်း မျက်မှောင်ကြုတ်ကာ. .

"သူခိုးဘယ်မှာလဲ သူခိုး"

ထိုတော့မှ မိန်းမကြီးလက်ညှိုး ကျွန်တော့်တည့်တည့်ထိုးပြီး

"နင့်ကိုပြောတာဟဲ့. . နင့်ကိုပြောတာ၊ သူခိုးပါရှင့်၊ လာကြပါဦးရှင့်"

"ဟမ်"

ထိုတော့မှ ဖြုတ်ထားသော အင်္ကျီသုံးလေးထည်နှင့် ဆံပင်များပင် ထောင်သွားမိသည်။ ထိုမိန်းမကြီးအသံကြောင့် ပတ်ဝန်းကျင်မှ လူများရောက်လာပြီး. . .

"ဟေ့. . သူခိုးတဲ့ဟေ့၊ ဘယ်မှာလဲသူခိုး"

"နေ့ခင်းကြောင်တောင်ဝင်ခိုးတဲ့ သူခိုး၊ တော်တော်အတင့်ရဲတာပဲ၊ ဘယ်မှာလဲ"

"ဟာ"

လူများဝိုင်းလာတော့ ကျွန်တော်လဲ ခေါင်းနားပန်းကြီးသွားမိသည်။ လက်ထဲမှာလဲ အင်္ကျီက သုံးလေးထည်နှင့်ကိုး. .။

"ဒီမှာပါရှင်. . နေ့ခင်းကြောင်တောင် အိမ်ရှေ့ကအင်္ကျီတွေလာဝင်ရုပ်နေလို့ပါရှင်"

"ဟမ်"

ကျွန်တော်လဲ ဘာပြောရမှန်းမသိ။ လက်ထဲက အင်္ကျီများကြည့်လိုက် လူတွေကိုကြည့်လိုက် ဖြစ်နေသည်။

ဝိုင်းလာသူများကလဲ ကျွန်တော့်ရဲ့ ဥပမိရုပ်ကိုကြည့်ပြီး ဝင်မလာရဲသေးဘဲ. .

"ဟေ့ကောင် မင်းဘာလို့ နေ့ခင်းကြောင်တောင် သူများအင်္ကျီ ဝင်ရုပ်တာလဲ"





တစ်ယောက်ကအမေး. . ထိုတော့မှ ကျွန်တော်သတိရပြီး

"ဟာ. . အင်္ကျီဝင်ရုပ်တာမဟုတ်ဘူး။ ကျွန်တော်. . ကျွန်တော်ဝယ်မလို့ ဖြုတ်နေတာဗျ"

ကျွန်တော့်စကားလည်းကြားရော ဆိုင်ထဲကမိန်းမကြီးက. .

"အောင်မလေး ဖိနပ်ဆိုင်ထဲဝင်ပြီး ရှိသမျှအင်္ကျီဖြုတ်နေတာတောင် ဝယ်မလို့တဲ့၊ သူခိုးက လိမ်တတ်အောင်လဲ လိမ်ပါဦး. . လူလိမ်လား၊ သူခိုးလား တစ်ခုခုပဲ"

သူ့စကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားရသည်။

"ဟာ. . မဟုတ်ဘူးလေ. . ကျွန်တော်လဲ ဘာဆိုင်မှန်းမသိဘူး၊ ဆိုင်ရှေ့ အင်္ကျီချိတ်ထားတော့ ရောင်းမယ်မှတ်ပြီးဝင်ဖြုတ်နေတာ"

"ဖိနပ်ဆိုင်ဟဲ့. . ဖိနပ်ဆိုင်၊ အဲဒီအင်္ကျီတွေက ငါ့ယောက်ျားနဲ့ ငါ့သားအင်္ကျီတွေ၊ လျှော်ပြီးလို့ နေထုတ်လှန်းထားတာ"

"ဟာ"

ထိုတော့မှ ကျွန်တော်လဲသိရသည်။

မြို့ထဲတိုက်ခန်းများထုံးစံအတိုင်း အဝတ်လှန်းစရာနေရာမရှိ၍ အိမ်ရှေ့ထုတ်အဝတ်လှန်းထားခြင်းဖြစ်၏။ ဒါကို ကျွန်တော်ကလဲ ဆိုင်ရှေ့မှ ရောင်းထည်များမှတ်ပြီး ဝင်ဖြုတ်နေမိခြင်းဖြစ်၏။

"ကြည့်ကြပါတော်၊ နေ့ခင်းကြောင်တောင် လူလိမ်လား သူခိုးလား တစ်ခုခုပဲ"

အဒေါ်ကြီးစကားကို ဘေးလူများကလဲ. . .

"အေး. . ဥပမိကတော့ ဖြစ်နိုင်တယ်ကွ၊ လူလိမ်မဟုတ်ရင် သူခိုးပဲ"

"ဒီရုပ်မျိုး ထောင်ထဲမှာလဲ အများကြီးပါကွာ၊ သေချာပါတယ်၊ လူလိမ်မဟုတ်ရင် သူခိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ထင်ကြေးပေးကြသည်။ ထိုတော့မှ ကျွန်တော်လဲ သတိရပြီး. .

"ဟာ. . လူလိမ်လဲမဟုတ်. . သူခိုးလည်းမဟုတ်ရပါဘူးဗျာ ကျွန်တော်ဒါတွေ တကယ်ဝယ်ဖို့ပါဗျာ၊ မယုံရင် ကြည့်ပါ။ ကျွန်တော့်မှာ ပိုက်ဆံပါပါတယ်"

ဆိုကာ ခါးကြားထဲကျစ်ယူလာသော ပိုက်ဆံများထုတ်ပြလိုက်သည်။ လူတွေ မျက်မှောင်ကြုတ်သွားပြန်သည်။

"ပိုက်ဆံကို သူလိုကိုယ်လို ပိုက်ဆံအိတ်ထဲထည့်မလာဘဲ ခါးကြားထဲကျစ်လာတာ ဘာသဘောလဲ"

"အိုကွာ ခါးပိုက်နှိုက်ကနေ အသွင်ပြောင်းတာဖြစ်မှာပေါ့။ ဘယ်သူက ခါးကြားထဲ ကျစ်လာမှာလဲ။ ဒါမျိုးက. . စပယ်ယာတွေ ပိုက်ဆံခိုးရင်သာ လုပ်တတ်တာ"

"အင်. . ဟင်"

ကျွန်တော့်မှာ ဘယ်လိုပြောရမှန်းမသိ။ ကိုယ့်မှာ ဘယ်လိုလုပ်လုပ်၊ မှုခင်းမှုကွက်က တစ်ကွက်မှမလွတ်။ ကိုယ်ကလဲ နေတတ်သလိုနေတာ။ ဒါကို ဘေးမှမှုခင်းအနေနဲ့ကြည့်တော့ အမှုဖြစ်ကိန်းတစ်ခုမှမလွတ်။

ကိုယ်လဲ အင်္ကျီလေးသုံးလေးထည်ပိုက်ပြီး ဘာလုပ်ရမှန်းမသိတော့။

"ကျွန်တော် စာရေးဆရာပါဗျာ"

ဆိုလျှင်လဲ မည်သူမှ ယုံမည်မဟုတ်။ ဒီရုပ်က စာရေးသည့်ရုပ်မှ မဟုတ်တာ။

"ရှုတ်ရှုတ်သဲသဲနဲ့ ဘာဖြစ်နေတာလဲဟေ့"

အော်သံကြားတော့ လူတွေ ရှဲခနဲ ဖြစ်သွားသည်။

"ရပ်ကွက်လူကြီး"





ရပ်ကွက်လူကြီးမြင်တော့ ကျွန်တော် ဝမ်းသာသွားသည်၊ ဒီတိုက်ခန်းငှားတုန်းက သူပါလက်မှတ်ထိုးပေးခဲ့တာကိုး။ ဒါကြောင့် ဝမ်းသာအားရပင်. .

"လုပ်. . လုပ်ကြပါဦး. . အရပ်ကတို့. . အဲ. . ရပ်ကွက်လူကြီးရယ်. . ဒီမှာ ကျွန်တော့်ကို သူများအိမ်ရှေ့ အင်္ကျီဝင်ခိုးတယ်ဆိုပြီး စွပ်စွဲနေလို့"

ရပ်ကွက်လူကြီးက ကျွန်တော့်ကို ကြည့်ပြီး. .

"စာရေးဆရာပဲ. . ဘာဖြစ်လို့လဲ"

"ဒီလိုပါ"

ဖြစ်သမျှ အကြောင်းကို ဇာတ်စုံခင်းပြလိုက်သည်။ ရပ်ကွက်လူကြီးက ခေါင်းညိတ်ပြီး

"ဆရာကလဲ အင်္ကျီဖြုတ်မယ်ဆိုလည်း မေးစမ်းပြီးမှဖြုတ်လေ၊ အခုဟာ မမေးမစမ်းနဲ့ ပြောင်ကြီးဝင်ဖြုတ်နေတော့ ဟိုက ဆရာ့မျက်ခွက်ကြီးမြင်ပြီး ဝယ်တယ်လို့ ဘယ်သူယုံမှာလဲ၊ ဟုတ်ဘူးလား"

ဝိုင်းကြည့်နေသူအားလုံး ဝိုင်းရယ်ကြသည်။

"ဒါမှ ဟာသစာရေးဆရာ၊ လုပ်လိုက်မှဖြင့် သောက်တလွဲချည်းပဲ"

"ဟုတ်ပ၊ ရုပ်တည်ကြီးနဲ့ မုန့်တီဝင်သောက်နေတာ"

အားလုံး ထောပနာပြုကြသည်။

"ကဲ. . ကဲ. . အားလုံးရှင်းပြီဆိုလဲ ပြန်ကြတော့။ ဒါပေမယ့် ဆရာကတော့ ရပ်ကွက်ရုံးလိုက်ခဲ့ဦး"

"ဗျာ. . ကျွန်တော်က ဘာလိုက်လုပ်ရဦးမှာလဲ"

"ရပ်ကွက်ရုံးမှာ ခံဝန်ထိုးရဦးမှာလေ"

"ဘာလို့"



www.burmeseclassic.com

www.burmeseclassic.com



"သူများအိမ်ရှေ့ နောက်ထပ် အကျီမရုပ်တော့ပါဘူး ဆိုပြီးတော့လေ"

"ဟမ်"

အဲဒါပါပဲဗျာ။ မြို့ပြမှာနေပြီး အမှုဖြစ်ဖူးတာ။

ရပ်ကွက်ရုံးကို သွားပြီး

"သူများအိမ်ရှေ့ အကျီမရုပ်တော့ပါကြောင်း၊ နောက်တစ်ခါ မှားယွင်းရုပ်မိရင် ဥပဒေအရ တရားစွဲဆိုခြင်းခံရမည်ဖြစ်သည်ကို သိရှိကြောင်း"

လက်မှတ်ထိုးခဲ့ရသည်။

ဩော်. . မြို့ပြဆိုတာ ကိုယ်နဲ့မအပ်စပ်တဲ့နေရာပါလား။ ကိုယ့်ကိုယ်ပိုင်လူနေမှုနဲ့ ဘယ်လိုမှမသင့်တော်ပါလား စဉ်းစားမိပြီး

"သူငယ်ချင်းတို့ရေ. . မင်းတို့ကို သတိရလို့ ငါပြန်လာဗြိုဟေ့"

သိတယ်မဟုတ်လား။ ကျွန်တော်က ကဘိသုမား

××××





"ကလင်. . ကလင်. . ကလင်"

ဖုန်းမြည်သံ။

"ဟယ်လို"

"ကိုကြည်လား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဦးဇင်းပါ"

"ဗျာ. . ဩော်. . ဟုတ်ကဲ့. . အဲလေ. . တင်ပ့ါဘုရား"

ရွာကျောင်းဆရာတော်အသံ။ မကြားရတာကြာတော့ ရုတ်တရက် မမှတ်မိချင်။

"တင်ပါ၊ အမိန့်ရှိပါ ဦးဇင်း"

ဆရာတော်များနှင့်ဖုန်းပြောရတာ ဘယ်လိုပြောရမှန်းမသိ၊



www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်ပဲချီပြီး ပြောရမလား။ ရိုရိုသေသေပဲ ထိုင်ပြောရမလား။ ဖုန်းကိုပဲ ထိုင်ကန်တော့ပြီး ပြောရမလားမသိ။ သို့သော်၊ ကိုယ်ကိုကိုင်း၍ ဖုန်းကို ရိုသေစွာလက်နှစ်ဖက်နှင့် ကိုင်ထားမိခြင်းပင်။ ရွာကျောင်းမှ ဆရာတော်ဆိုတော့ ရိုသေရမည်လေ။

"အမိန့်ရှိပါဦးဇင်း. . ဘာကိစ္စရှိလို့လဲ ဘုရား"

ဦးဇင်းက ဘာမှမပြော။ ကိုယ်ကသာ. . ."

"ဦးဇင်းဘယ်တုန်းက ဖုန်းဝယ်လိုက်တာလဲ ဘုရား၊ ခါတိုင်းဆိုရင်"

မှန်ပေသည်။ အရင်တစ်ခါ ရွာရောက်၍ ဦးဇင်းကိုဝင်ဖူးတုန်းကပင် ဖုန်းကမရှိသေး။ ယခုမှ နံပါတ်ကြည့်လိုက်တော့ ကမ်းဖိုးတန်းဖုန်းအမျိုးအစား။ ဒကာတစ်ယောက်ယောက်လှူပြီထင့်။

ဆရာတော်က အသံတိတ်နေသည်။

"ဟယ်လို"

". . . . . . . ."

ဦးဇင်းက ဘာမှမပြော။ ဖုန်းကိုင်ထားမှန်းတော့ သိသည်။

"ကိုကြည်အားရင်. . . ရွာဖက်လှည့်လာပါဦး"

"ဗျာ"

ဦးဇင်း၏ဖိတ်ခေါ်မှုကြောင့် အံ့အားသင့်သွားရသည်။ ခါတိုင်းဆိုလျှင်. . .

"လာရတဲ့ခရီးက ဝေးလွန်းပါတယ်ကွယ်. . ခရီးကြုံမှပဲလာခဲ့ပေါ့. . ဟုတ်ဘူးလား"

ဤသို့ မြွက်နေကျ။ မှန်ပေသည်။ သွားရလာရသည့်ခရီးက ဝေးလွန်းလို့ ရောက်ရန်မလွယ်။ ယခုတော့ ဦးဇင်းကဖိတ်ကြားပြီ မည်သို့လုပ်ရမည်မသိ။

"အရေးကြီးကိစ္စများရှိလို့လား ဦးဇင်း"





ဦးဇင်းခမျာပြောရတာ ချီတုံချတုံဖြစ်နေပုံရ၏။ ခေတ္တ အသံတိတ်ပြီးမှ. . .



"အေးကွယ်. . အရေးကြီးလား ဆိုတော့. . ကြီးတယ်ပဲ ပြောရမှာပဲ၊ ဒါပေမယ့် မိုးတွေကကောင်းနေတော့လဲ. ."

"တင်ပါ့ဘုရား. . တပည့်တော် ရောက်အောင်လာခဲ့ပါ့မယ် ဘုရား"

ဦးဇင်းကို အာမဘန္ဓေ ခံလိုက်ရသည်။

ကျွန်တော်မှသာ ဖြေရှင်း၍ရမည့် ပြဿနာ ဖြစ်နိုင်သည်။ ထို့ကြောင့်. . .

အမှန်တော့ ရာသီကလဲ မိုးတအားများနေသည့်ရာသီ။ ဒီလိုရာသီမျိုးမှာ ဦးဇင်းတို့ရွာကို သွားရသည်မှာ လွယ်လှသည်မဟုတ်။ ရွာကို သွားစရာယာဉ်ရှားပါးခြင်းပင်။ သို့သော် ရွာဆရာတော်မှ အရေးကြီးလို့ ကိုယ့်ကိုမှ ရွေးခေါ်တာဆိုတော့ မသွားလို့မဖြစ်။ တခြားသူ ဖြေရှင်းလို့ရသော ကိစ္စဆိုလျှင် တကူးတကခေါ်မည်မဟုတ်။ ယခုတော့။ ကျွန်တော်မှသာ ဖြေရှင်း၍ရမည့် ပြဿနာ ဖြစ်နိုင်သည်။ ထို့ကြောင့်. . .

ရုတ်တရက်ကြီး မော်လမြိုင်ပြန်မည်ဆိုတော့ အားလုံးအံ့အားသင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဇင်းခေါ်လို့ ဘာအရေးကြီးလဲ မသိဘူး။ မသွားလို့မဖြစ်ဘူး"

အားလုံးနားလည်ကြသည်။

"ဒါဆို ချိန်းထားတဲ့ အလုပ်တွေရော"

"ထုံးစံအတိုင်းပေါ့ကွာ၊ ရက်သာ ပြောင်းချိတ်လိုက်ပါ။ နာမည်က ပျက်နေကျဆိုတော့ သိပ်မထူးဆန်းပါဘူး"

သိတယ်မဟုတ်လား။ ကိုယ်က ကတိသမား။ ကိုယ့်ကိုဆို ဘယ်သူမှ ယုံတာမဟုတ်ဘူး။

ဤသို့ဖြင့် တစ်နေ့တာ (သို့) ခုနစ်နာရီခရီးကို ကားမောင်းမှရောက်သော မော်လမြိုင်သို့ ဆင်းခဲ့ရသည်။

လမ်းဂိတ်ကြေးမနည်း။ တံတားဖြတ်ကြေးကလဲ မနည်းကုန်မှ မော်လမြိုင်ဆိုသော ဇာတိမြို့သို့ ရောက်၏။

မော်လမြိုင်ရောက်တော့လဲ ငယ်အပေါင်းအသင်းများတစ်ရွာ တစ်ပါးကို လိုက်တွေ့ရသေး၏။ ထို့ကြောင့် အမြန်လာရန် ဖိတ်ခေါ်သော ဆရာတော်ဆီ မရောက်သေး။

မရောက်နိုင်တာကလဲ အကြောင်းရှိ၏။

ကျွန်တော် နယ်ဆင်းသောကာလမှ မိုးတွေအပြင်းအထန် ရွာပြီး ယခင်က ဆိုင်ကယ်ဘီးတစ်ဘီးစာလွတ်သော ရွာလမ်းကလေးမှာ ဗွက်ပေါက်ချိုင့်များဖြစ်၊ လမ်းပျက်ပြီး ဘယ်လိုမှ သွားမရတော့။

ရေလမ်းခရီးက သွားမည်ဆိုပါကလဲ၊ တစ်ညနှင့်နေ့တစ်ဝက် လှေစီးရမည်ဆိုတော့ မစီးချင်။ ကုန်းလမ်းက ဆိုင်ကယ်နှင့်သွားလျှင် အလွန်ဆုံး လေးနာရီသာကြာမည်။ ထို့ကြောင့် ကြာသပတေးနေ့က ရောက်နေတာကိုပင် မိုးပါးမည်ထင်သော စနေနေ့တို့ လာကြိုရန် ပြောင်းချိန်းလိုက်ရသည်။ စနေနေ့ဆို မိုးပါးပြီထင်တာကိုး။

သို့သော် ခန့်မှန်းလျှင် ဘယ်တော့မှ မမှန်တတ်သော







ထုံးစံအတိုင်း စနေနေ့က မိုးပိုသည်းနေ၍ မသွားဖြစ်။ ထို့ကြောင့်

"ကျွမ်းကျင်သောဆိုင်ကယ်သမားကို လွှတ်ပေးပါ။ မိုးကြီးကြီး လမ်းပျက်ပျက် လာခဲ့ပါ့မယ်"

ဆို၍ ကတိပေးလိုက်ရသည်။

ရန်ကုန်မှာကလဲ မဖြစ်မနေ ချိန်းထားသည့် အလုပ် မလုပ်မဖြစ်လုပ်ပေးရမည့် အလုပ်များ ရှိနေသေးကိုး။ ထို့ကြောင့် တနင်္လာနေ့ကို မဖြစ်မနေသွားရန် စီစဉ်လိုက်ရသည်။

ကံကောင်းချင်တော့ တနင်္လာနေ့တွင် မိုးမရွာတော့။ တူတစ်ယောက်ကလဲ ဆိုင်ကယ်နှင့်လိုက်ပို့၍ အဆင်ပြေသွားသည်။

ဒါတောင် လမ်းမှာ ဆိုင်ကယ် နှစ်ခါမှောက်ပြီး မြောင်းထဲတစ်ခါကျတာ မပြောတော့။ (အေးလေ.. ထန်းရည်ဆိုင် နှစ်ခါဝင်ပြီး ခနိတဲတစ်ခါ ရောက်ခဲ့တာ တိုး။)

ဦးဇင်း ကျွန်တော့်ကို ခေါ်သည့် အကြောင်းကို ဆိုင်ကယ်မောင်းသည့် တူလေးကို မေးကြည့်တော့..

"ဟိုရောက်ရင် သိရမှာပေါ့ ဦးလေးရာ၊ ဦးဇင်းလဲ အဲဒီကိစ္စ အရှက်ရနေ

ဒါတောင်
လမ်းမှာ
ဆိုင်ကယ်
နှစ်ခါမှောက်ပြီး
မြောင်းထဲ
တစ်ခါကျတာ
မပြောတော့။



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဘာ. . ဘာများဖြစ်လို့လဲကွာ. . အမျိုးတွေကြောင့်လား"

"မဟုတ်ပါဘူးဗျာ. . "

"ဒါဖြင့် ဝိဇ္ဇာကိစ္စများလား"

"အဲဒါလဲ မဟုတ်ဘူး. . သိပ္ပံကိစ္စဗျ၊ ရွာမှာတော့ အဲဒီသိပ္ပံပစ္စည်းက ဦးဇင်းမှာပဲရှိတာ၊ မြို့မှာတော့ အများကြီးပေ့ါ၊ ဦးဇင်းခမျာလည်း အဲဒီကိစ္စနဲ့ပဲ တရားတောင် အားမထုတ်နိုင်တော့ဘူး"

ထိုမှဆက်၍ ဘာမှဆက်မေးမရတော့။ ရွာကျောင်းဦးဇင်းပင်မဖြေရှင်းနိုင်သော ကိစ္စဆိုတော့ ဘာမှန်းမသိ။ အတော်သိချင်နေမိသည်။

ရွာရောက်တော့ ဘယ်သူ့မှ နှုတ်မဆက်တော့ပဲ ဦးဇင်းဆီသို့သာ အရင်ဆုံး ဦးတိုက်သွားသည်။

ရွာရောက်ချိန်က ဆယ့်နှစ်နာရီကျော်ပြီဆိုတော့ ဦးဇင်းမှာဆွမ်းဘုန်းပေးပြီး ခေတ္တကျိန်းစက်ချိန်ပင်။

သို့သော် ကျွန်တော်ရောက်သွားသည်နှင့် ဦးဇင်းမှာကျိန်းစက်နေခြင်းမဟုတ်ဘဲ အပြင်သို့ထွက်လာသည်။

"ဒကာကြီး. . ခရီးများပန်းလာလား"

ဦးဇင်းကို ဦးချပြီး. . .

"ရပါတယ်ဘုရား. . သိပ်တော့ ပြဿနာမရှိပါဘူး"

ဦးဇင်းက ကျွန်တော့်ရှေ့ အဖူးမျှော်ခံ ထိုင်ပေးသည်။

ဦးဇင်းပုံက အရင်နဲ့မတူ။ အနည်းငယ် ပိန်ချောင်သွားသည်။ နောက် တစ်စုံတစ်ခုကြောင့် စိတ်သောကရောက်နေပုံ အထင်းသားတွေ့ရသည်။ ဖြေရှင်းမရသော ပြဿနာကြောင့် စိတ်နှလုံးညှိုးနွမ်းနေပုံ။

"ဘာကိစ္စများရှိလို့ တပည့်တော်ကို အလောတကြီးခေါ်ရ





တာပါလဲ ဘုရား"

ဦးဇင်းက စိတ်မသက်မသာဟန်နှင့် သက်ပြင်းချသည်။ စကားကို မစသေး။ အတန်ကြာမှ. . .

"ဒီလိုကွယ့်. . ဒကာ ရွာထိပ်မှာနေတဲ့ ကျော်ဝင်းကိုသိတယ်မဟုတ်လား"

"ဟုတ်. . သိပါတယ်ဘုရား၊ သူလဲ ဘန်ကောက်သွားပြီး ကြီးပွားနေတယ်ဆို ဘုရား"

ဦးဇင်းကခေါင်းညိတ်သည်။

"အေး. . အဲဒီကျော်ဝင်းက သူဘန်ကောက်မှာ အလုပ်အကိုင် အဆင်ပြေလို့တဲ့၊ နောက်ပြီး ဦးဇင်းနဲ့ အဆက်အသွယ်အမြဲ ရှိအောင်ဆိုပြီး ပစ္စည်းတစ်ခု ဝယ်ပေးတယ်"

ခေါင်းညိတ်ပြီး နားထောင်နေမိသည်။

"အဲဒီပစ္စည်းကလဲ ဒီရွာမှာနဲ့ ရွာနီးချုပ်စပ်မှာ ပထမဆုံးရခဲ့တာပေ့ါကွယ်၊ ပထမတော့ ဦးဇင်းလည်း အသုံးပြုလို့ရတယ် ဆိုတာနဲ့ သွားတိုင်းလာတိုင်း အမြဲဆောင်ထားတာပေ့ါကွယ်၊ သူ့အပိုပစ္စည်းတွေကလဲပါတော့ ယူသွားရ အဆင်ပြေတာပေ့ါ"

ဘာမှန်းမသိဘဲ နားထောင်နေရသည်။ ဦးဇင်းခမျာလဲ သိပ်ပြောချင်ပုံမပေါ်။ မတတ်သာလို့သာ ရှင်းပြနေရပုံရ၏။

"အဲ. . တစ်နေ့ ဟိုဖက်ရွာမှာ ဝါဆိုသင်္ကန်းကပ်တော့ ရွာအနီးနားက ကျောင်းပေါင်းစုံက သံဃာတွေကို ဖိတ်တာကိုး။ သင်္ကန်းကပ်တဲ့အထိ ဒီကောင်အကောင်း ကိုယ်တော်အားလုံးစုံညီပြီး ဆွမ်းဘုန်းတော့မှ ဒီကောင်က ထဖောက်တော့တာပေ့ါ။ ဦးဇင်းကလည်း သက်ကြီးဝါကြီးဆိုတော့ ထုံးစံအတိုင်း ထိပ်ဆုံးစားပွဲမှာ ထိုင်ရတာလေ"

ဦးဇင်းခမျာ အတိတ်ကို ပြန်စဉ်းစားမိဟန်တူ၏။ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တော်ပင် ညိုးသွားသည်။

“ဦးဇင်းကလဲ ဒကာသိတဲ့အတိုင်း ငယ်ဖြူဦးဇင်းလေ။ လူမှုရေးအရှုပ်အရှင်းလဲ ဘာမှရှိခဲ့တာ မဟုတ်ဘူး။ ဒါပေမယ့် သူက ဘာမဆိုင်ညာမဆိုင် အဲဒီလိုကြီးထအော်တော့ စဉ်းစားကြည့်ပေါ့ ဒကာရယ်၊ ကျန်တဲ့ကိုယ်တော်တွေအားလုံး ဆွမ်းတောင်ဆက်မဘုန်းတော့ဘဲ ဦးဇင်းကိုပဲ ကြောင်ပြီး ကြည့်နေကြတယ်”

“ဘာ. . ဘာ. . အဲ. . ဘယ်သူက ထအော်လို့လဲဦးဇင်း”

ကျွန်တော်က သိလိုဇောနှင့်အလောတကြီးမေးသည်။ ဦးဇင်းက ကျွန်တော်မေးတာကို ကြားပုံမပေါ်။ သူ့ဘာသာသူ အဝေးသို့ငေးရီပြီး. .

“တစ်ခါလဲမဟုတ်၊ နှစ်ခါလဲမဟုတ်ဆိုတော့ ဦးဇင်းလည်း ပုထုဇဉ်ပဲ ဒကာကြီးရယ်။ တစ်ခါတည်းထပြီး ဖနောင့်နဲ့ ထပေါက်လိုက်တော့တာ၊ ဒါလဲ အခွင့်အခါသင့်ရင် ထအော်တုန်း”

ဦးဇင်းက သက်ပြင်းချသည်။ ကျွန်တော်လဲ ဦးဇင်းကိုကြည့်ပြီး ဇဝေဇဝါ။

“ဒါနဲ့ ကျောင်းပြန်ရောက်တော့လဲ လပြည့်လကွယ် ရွာကလူတွေစုပြီး ငါးပါးသီလခံကြတာကို။ အဲဒီမှာလဲ တရားကဟောနေတုန်း သူထအော်ပြန်ရော၊ တရားတန်းလန်းကြီးနဲ့ဆိုတော့ ရွာကလူတွေကလဲ ဦးဇင်းကို ကြောင်ပြီးကြည့်နေကြတာပေါ့၊ ဦးဇင်းမှာ ထပိတ်ဖို့ကလဲခက်၊ အဲဒါနဲ့ ခေါင်းအုံးအောက်ဖွက်ပြီး မှောက်အိပ်နေရတာပေါ့”

ဦးဇင်းခမျာ လွန်စွာစိတ်မသက်မသာဖြစ်နေပုံရ၏။ ကျွန်တော်လဲ ဦးဇင်းကိုကြည့်ပြီး စိတ်မသက်သာလှပါ၊ ပိုဆိုးသည်က သူပြောနေတာ ဘာအကြောင်းမှန်းလဲမသိ။

“အခုဆိုရင် အဲဒီပစ္စည်း ကောင်းမှုနဲ့ ရွာနေလူများကလဲ





အကြည်ညိုပျက်လှပါပြီကွယ်၊ နောက်ပြီး ဦးဇင်းမှာ မဖွင့်ဘဲလဲမနေနိုင်၊ ဖွင့်ပြန်ရင်လဲ အဲဒီလိုထထအော်နေတော့ ဘာလုပ်လို့ လုပ်ရမှန်းလဲ မသိတော့ပါဘူး။ မြို့တက်ပြီး ပြင်ဖို့ကျတော့လဲ ဦးဇင်းပစ္စည်းမှန်းသိရင် ဒကာတွေ ပိုအကြည်ညိုပျက်မှာလေ၊ ဒါကြောင့် ဒကာရင်းဖြစ်တဲ့ ဒကာကြီးကိုပဲ လှမ်းအကူအညီတောင်းရတာ”

ဦးဇင်းက ရှည်လျားစွာမိန့်ကြားပြီး မောသွားဟန်တူသည်။ ဦးဇင်းခမျာလဲ ထိုကိစ္စနှင့် ပတ်သက်၍ စိတ်မသက်မသာဖြစ်ရပုံ။ ခန္ဓာကိုယ်ပင် မနည်းပိန်ချောင်နေပြီ။ မအိပ်နိုင်မစားနိုင် ဖြစ်နေပုံရ၏။

“တင်ပါ. . ဦးဇင်းပြောပြလို့ ပြည့်ပြည့်စုံစုံတော့ သိရပါပြီ၊ ဒါပေမယ့် ဦးဇင်း စိတ်သောကရောက်နေတာ ဘာပစ္စည်းမှန်းမသိတော့ တပည့်တော်လဲ”

ဦးဇင်းခေါင်းညိတ်သည်။ နောက် ဖြေးညှင်းစွာထပြီး အခန်းထဲ ဝင်သွားသည်။

သိပ်မကြာပါ၊ အခန်းထဲမှ ပြန်ထွက်လာပြီး ကျွန်တော့်ရှေ့ ပစ္စည်းတစ်ခု ချပြသည်။

“ဒါလေးပါပဲကွယ်”



ဦးဇင်းပြောပြလို့
ပြည့်ပြည့်စုံစုံတော့
သိရပါပြီ. .
ဒါပေမယ့်
ဦးဇင်းစိတ်သောက
ရောက်နေတာ
ဘာပစ္စည်းမှန်း
မသိတော့. .



www.burmeseclassic.com

www.burmeseclassic.com



သူချပြတာ ကြည့်လိုက်တော့.

"ဖုန်း. . တယ်လီဖုန်း"

တယ်လီဖုန်းကို မြင်တော့ ကျွန်တော် အံ့အားသင့်သွား သည်။ နောက်မှ. .

"ဟင်. . ဦးဇင်း. . ဒါဖုန်း. . အဲ. . တယ်လီဖုန်းလေ. . ဆက်လို့ရတယ်လေ"

ဖုန်းကိုကိုင်ကြည့်တော့ လိုင်းကမိနေသည်။ ဒီဆက်လို့ရသောဖုန်းတစ်လုံးကြောင့် ကျွန်တော့်ကို ရန်ကုန်မှနေ အသည်းအသန် ခေါ်သော ဦးဇင်းကို နားမလည်နိုင်တော့။ ဒါက ဘာသိက္ခာကျစရာရှိလို့လဲ။ စဉ်းစား၍ပင် မရ။ ဖုန်းကိုင်ရုံနှင့် သိက္ခာကျမည်ဆိုလျှင် မြန်မာပြည်လူထု ကမ္ဘာ့လူထု သုံးစား၍ပင် ရတော့မည်မဟုတ်။

ဘယ်လိုမှပင် နားမလည်နိုင်။ ဦးဇင်းက ခေါင်းညိတ်ပြီး

"ဦးဇင်းလည်း သိပါတယ်ကွယ်၊ ကျော်ဝင်းကလဲ အသုံးလိုလို့ လှူခဲ့တာပဲ"

"ဒါ. . ဒါဆို"

"ကိုရင့်ဆီမှာ ဖုန်းပါရင် ဆက်ကြည့်ပါလား"

အဆင်သင့်ပင် ကျွန်တော့်ဆီမှာကလဲ မော်လမြိုင်အိမ်က ကမ်းရိုးတန်းဖုန်းကို ယူလာမိသည်။ ထို့ကြောင့် ဖုန်းကိုထုတ်ဆက်လိုက်သည်။

"ဟော. . လိုင်းမိသွားပြီ"

ကျွန်တော့်စကားကြောင့် ဦးဇင်းတစ်ဖက်လှည့်သွားသည်။ သူ့ခမျာ မျက်နှာလည်းပျက်လို့။

"ဟော. . . ဖုန်းဝင်သွားပြီ. . ဟာ"

"ကိုကိုရေ. . ဖုန်းလာနေတယ်. . ကိုကို. . ဖုန်းလာနေပြီတယ်ဆို. . ကိုကို. . ဖုန်းကိုင်လိုက်နော်. . မကိုင်ရင် စိတ်ဆိုးမှာနော်





. . ကိုကို"

"ဟာ"

ဖုန်းRing Tone ကို ကြားကော့ ကျွန်တော်ပင်လန့်သွားသည်။ ဖုန်းထဲမှ မိန်းမအသံ။ မိန်းမသံအစစ်. . ချွဲနေသေး။ ဦးဇင်းကတော့ မကြားချင်သူအလား၊ လက်နှစ်ဖက်နှင့် နားကို ပိတ်ထားသည်။

"ကိုကိုနော်. . . ဖုန်းဘာလို့ မကိုင်သေးလဲ. . စိတ်တိုလာပြီနော်. . သိလား"

"ဟင်. . . ဟင်"

လန့်ပြီး ကိုယ့်ဖုန်းကိုယ် ပြန်ပိတ်လိုက်မိသည်။

"ဟင်. . ဒါ. . ဒါက"

ဦးဇင်းမျက်နှာပျက်ပြီး သက်ပြင်းချသည်။

"အဲဒါပဲ ဒကာ၊ ဦးဇင်းကသိတဲ့အတိုင်း ငယ်ဖြူဘုန်းကြီးပါကွယ်၊ ငါးပါးသီလထဲက တချို့တဲ့အပါးတော့ မှားမိကောင်းမှားမိမယ်၊ ဒါပေမယ့် ဒီကာမေသုမိစ္ဆာစာရကိုတော့ စိတ်နဲ့တောင်မပစ်မှားဖူးပါဘူးကွယ်"

ကျွန်တော်လဲ ဦးဇင်းကို ငေးကြောင်ကြည့်နေမိသည်။ ဦးဇင်းက ကြိတ်မနိုင်ခဲမရ အသံကြီးနှင့်. . .

"အခုမှ ဒီပစ္စည်းရောက်လာမှ ဘယ်ကမိန်းမကဘုန်းကြီးကို 'ကိုကို'ခေါ်နေတယ် မသိပါဘူးကွယ်၊ ဦးဇင်းမှာ ရှက်လိုက်တာ"

ကျွန်တော် သူ့ကိုကြည့်ပြီး ရယ်ရမလား၊ ငိုရမလား မသိတော့၊ အဖြေက ရှင်းပါသည်။ တယ်လီဖုန်းသွားငယ်တော့ ဖုန်းဆိုင်အလက်ဆော့တတ်သော ကောင်မလေးများက ဖုန်းRing Tone ကို အသံပေါင်းများစွာ ပြောင်းလဲထည့်ပေးလိုက်ခြင်းပင်။

ဒါကို ဦးဇင်းကလဲ ငယ်ဖြူဘုန်းကြီးမို့ ပြန်ပြောင်းလို့လဲ



www.burmeseclassic.com

www.burmeseclassic.com



တတ်။ ဖုန်းလှုသွားသူကလဲ. .

"ဒီခလုတ်ကိုနှိပ်ရင် ပြောလို့ရပါပြီ ဘုရား။ ဒီခလုတ်၊ ဒီခလုတ်တွေနှိပ်ရင်ဖြင့် ခေါ်လို့ရပါပြီဘုရား"

ဆိုပြီး လိုအပ်သည်များကိုသာ ပြသသွားပုံရ၏။ ဖုန်းRing Tone ကိုတော့ သတိမထားမိ၍ ပြောင်းမသွားပင်။

ဒါကို ဦးဇင်းလက်ထဲရောက်တော့ သူက ဘုန်းကြီးဖုန်း Ring Toneက. . .

"ကိုကိုရေ. . ဖုန်းလာနေတယ်. . ဖုန်းကိုင်လိုက်ပါနော်. စိတ်ဆိုးမှာနော်. . သွား. . . လူဆိုး"

ဆိုပြီး ပတ်ချွဲနပ်ချွဲမိန်းမသံကြီး မြည်နေတော့ ရှက်စရာဖြစ်မနေလား။

သူ့ခမျာ လွှင့်ပစ်ဖို့ကျတော့လဲ ဈေးကြီး၊ ဖွက်ထားဖို့ကလဲ မဖြစ်နဲ့။ ထိုအသံကြောင့် တရားပင်အားမထုတ်နိုင်ဘဲ ချောင်ချောင်ကျလာခြင်းပင်ဖြစ်တော့၏။ မြို့မှာဆိုရင်တော့ ဟုတ်ပါရဲ့။ တယ်လီဖုန်းတောင် မမြင်ဖူးသော တောနယ်မှာဆိုတော့ ဖုန်းသံထမြည်သည်နှင့်. .

"ဟင်. . ဒီဦးဇင်း ဘယ်သူနဲ့ ရှုပ်နေပါလိမ့်"

ဟူ၍ထင်သွားနိုင်သည်ပဲလေ။ ထို့ကြောင့် ဦးဇင်းခမျာလဲ ထိုဖုန်းကို မြို့လဲ မယူသွားရဲ၊ ဖွက်ထားဖို့က အခက်မို့ ဒကာရင်းဖြစ်သော ကျွန်တော့်ကို လှမ်းခေါ်ခြင်းပင်။

ကျွန်တော်လဲ ရိပ်မိပြီး. . .

"ဟာ. . ဦးဇင်းရပါတယ်. . ဒါကို တပည့်တော်ပြင်ပေးလိုက်ပါ့မယ် ဘုရား"

ဟုဆိုကာ သူ့ဖုန်းကိုယူကာ ဖုန်းထဲမှSettingကိုဖွင့်ပြီး ဖုန်း Ring Setting ကို ပြောင်းပေးလိုက်သည်။







"ရပါပြီဘုရား ဒါဆိုခုနက မိန်းမသံမမြည်တော့ပါဘူးဘုရား"

ဦးဇင်းက ခေါင်းထောင်လာသည်။

"သေချာရဲ့လား ဒကာ"

"သေချာပါတယ်ဘုရား၊ ဒီမှာ တပည့်တော် ခေါ်ပြပါ့မယ်"

ဆိုကာ ပါလာသည့်ဖုန်းနှင့် ဦးဇင်းဖုန်းကို လှမ်းခေါ်လိုက်သည်။

"တူ. . ."

"ဟော. . ဖုန်းဝင်သွားပြီ"

ဘုန်းဘုန်းက သိပ်ယုံဟန်မတူ။ နားနှစ်ဖက်ပိတ်၍ တစ်ဖက်လှည့်သွားသည်။

ဘုန်းဘုန်းက သိပ်ယုံဟန်မတူ။ နားနှစ်ဖက်ပိတ်၍ တစ်ဖက်လှည့်သွားသည်။

"ကြည့်နေ ဖုန်းသံမြည်လိမ့်မယ်"

"ကလင်. . ကလင်. . ကလင်"

"ဟယ်"

ဖုန်းသံအစစ်ကြားရ၍ ဦးဇင်းဝမ်းသာသွားသည်။ နောက် ဖုန်းကို ဆက်ခနဲဆွဲယူပြီး. . .

"ဒါ. . ဒါမှ တယ်လီဖုန်းသံအစစ်ဒါနဲ့. . ဟို. . ကိုကိုခေါ်နေတဲ့ မိန်းမ ဘယ်ရောက်သွားလဲ"

"တပည့်တော် မောင်းထုတ်လိုက်ပြီဘုရား. . သူမရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်းက ဝမ်းသာအားရခေါင်းညိတ်ပြီး. .

"ကိုကြည်တို့ကစွမ်းပဲ၊ ဦးဇင်းခမျာ ပရိတ်ရွတ်တာတောင် မကျွတ်မလွတ်နိုင်တဲ့ မိန်းမ၊ ကိုကြည် ဥုံဖွလုပ်ရုံနဲ့ ပျောက်သွားပါလား၊ အင်း. . အင်း. . သာဓု. . သာဓု. . သာဓု"

ဦးဇင်းခမျာ လွန်စွာဝမ်းသာသွားပုံရသည်။ သူ့ခမျာလဲ ဖုန်းတစ်လုံးရှေ့ချပြီး သူနဲ့ ဘယ်တုန်းကမှ မပတ်သက်ခဲ့ဖူးသော မိန်းမအသံပျောက်အောင် မည်မျှပရိတ်ရွတ်ပြီး မောင်းထုတ်နေခဲ့သည်မသိ။

"ဒါဆိုလဲ. ."

"အေး. . အေး. . ကောင်းသွားပြီဆိုတော့လဲ ဒကာလဲ ခရီးဝေးကလာခဲ့ရတာဆိုတော့ ပြန်ရဦးမှာလေ၊ သွားနှင့်. . သွားနှင့်"

"တင်ပါ့ဘုရား၊ ဪ. . ဦးဇင်းအသုံးပြုလို့ရအောင် ဦးဇင်းနဲ့ကိုက်ညီတဲ့ ဖုန်းမြည်သံလေးတွေ တပည့်တော် ထည့်ပေးသွားပါ့မယ်ဘုရား"

"အေး. . အေး. . ဒကာကောင်းသလိုသာ စီစဉ်သွားပါကွယ်"

ကျွန်တော်လဲ ဦးဇင်းဖုန်းကိုယူပြီး blue toothကိုဖွင့်။ ကိုယ့်ဖုန်းထဲမှ အသံများထည့်ပေးကာ ဦးဇင်းနှင့် လိုက်ဖက်မည့်အသံများကို ဖုန်းRingပေါ် တင်ပေးခဲ့လေသည်။

"တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား"

"အေး. . အေး. . သာဓု. . သာဓု. . သာဓု. သွားလေရာဘေးမသီရန်မခဘဲ လိုရာခရီးရောက်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ပါရစေဘုရား"

ဤသို့ဖြင့်ဆရာတော်ကို ဦးချပြီး ပြန်လာခဲ့လေသည်။

ဝတ္ထုရေးဆရာမို့လားမသိ။ ခေါင်းထဲမှာ ဦးဇင်းနှင့်ပတ်သက်သော ဇာတ်လမ်းတွေ တပုံတပင်။





ဝါဆိုသင်္ကန်းကပ်စဉ်ကာလ။ ကျောင်းပေါင်းစုံမှ သံဃာအားလုံးစုံညီချိန် တယ်လီဖုန်းကလေးကလဲ ရှိနေတော့။ ဆေးကွမ်းထည့်သောလွယ်အိတ်ထဲ လိုရမယ်ရ ထည့်သွားချိန်။

တရားနာပြီးလို့ ဆွမ်းဘုန်းပေးချိန်ကျမှ. . .

"ဦးဇင်း အပေါ်ဝိုင်းကို ကြွပါဘုရား၊ သက်ကြီးဝါကြီးနဲ့ ကျောင်းထိုင်ဆရာတော်များအတွက် ဘုရားခန်းမှာ စီစဉ်ပေးထားပါတယ်ဘုရား"

"အေး. . အေး. . ကောင်းပေလေ့ကွယ်၊ ဂါရဝေါစ နိဝါတောစပေါ့"

ဆရာတော် သံဃာတော်များဆုံချိန် ဆွမ်းဘုန်းပေးချိန်တွင်တော့ တစ်ဝိုင်းထဲထိုင်သော သံဃာငယ်တစ်ပါးက ဆွမ်းဟင်းများကို တရိုတသေခပ်ထည့်ပေးချိန်. .

"ကိုကိုရေ. . ဖုန်းလာနေတယ်. . ကိုကို. . ဖုန်းလာနေဘယ်ဆိုမှ. . ကိုကိုရေ"

မိမိလွယ်ထားသော လွယ်အိတ်မှ ကျယ်ဒလောင်သောမြည်သံကြောင့် အားလုံးအံ့အားသင့်သွားသည်။ ဆွမ်းဟင်းခပ်ထည့်ပေးသော ကိုယ်တော်၏လက်မှာဇွဲ လေထဲတန့်နေ၏။

ကိုယ်တော်အားလုံး ဆွမ်းကို ဘုန်းမပေးနိုင်ဘဲ ခေါင်းတွေလည်လာ၏။

ဦးဇင်းလည်း လွယ်အိတ်ကိုပစ်ချ ဖုန်းကိုထုတ်ပြီး။

"အင်းဟာ"

ဆိုပြီး ဖုန်းကို ပိတ်ပစ်လိုက်သည်။ နောက်ဘယ်လိုထားရမှန်းမသိသော မျက်နှာနှင့်. .

"ဘာမှမဟုတ်ပါဘူး. . တယ်လီဖုန်းက ထမြည်တာပါ. ."

ဦးဇင်းစကားကြောင့် အားလုံးဆွမ်းဆက်ဘုန်းပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာပါ။

"ကိုကိုရေ. . ဖုန်းလာနေတယ်. . ကိုကို. . ဖုန်းလာနေတယ်ဆိုမှ. . ကိုကို ဖုန်းလဲမကိုင်ဘူး. . လူဆိုး. . စိတ်ဆိုးလိုက်မှာနော်"

ဖုန်းကထပ်မြည်လာတော့ ကိုယ်တော်အားလုံးခေါင်းတွေ အုံ့အားတကြီး လှည့်လာပြန်သည်။ ကျန်ကိုယ်တော်များမှာလဲ ဒီလို တမ်းဖုန်းမျိုး မြင်မှမမြင်ဖူးကြသေးတာ။

ဦးဇင်းလဲ မျက်နှာပျက်ပြီး. .

"အင်းဟာ"

ဆိုကာ ဖုန်းကိုပိတ်လိုက်ပြန်သည်။ ပြီးနောက် ဘယ်လိုခံစားရမှန်းမသိသော မျက်နှာနှင့်ပင်. .

"တယ်လီဖုန်းလေ. . တယ်လီဖုန်းထမြည်တာ"

ဦးဇင်းစကားပင် မဆုံးလိုက်. . .

"ကိုကိုရေ. . ဖုန်းလာနေပါတယ်ဆို. . ကိုကို"

ဦးဇင်းလဲ သည်းမခံနိုင်တော့။

"အာ. . ဒီဂန်းမ. . လူရှေ့သူရှေ့လာဦး. . အင်းဟာ. . အင်းဟာ"

ဆိုကာ တယ်လီဖုန်းကို ဖနောင့်နှင့် ထပေါက်လိုက်မိလေတော့သည်။

ထိုမျှပင်မကသေး။


ရွာတွင်လပြည့်နေ့။ ရွာရှိလူများအား ငါးပါးသီလပေးနေချိန်. . .

"အေး. . ဒီလိုဆိုတော့ ကာမေသုမိစ္ဆာစာရဆိုတာ အပြစ်မကြီးပေဘူးလား"

"အပြစ်ကြီးပါတယ်ဘုရား"





"ကာမေသုမိစ္ဆာစာရကို ကျူးလွန်ရင် ငရဲအိုးဇောက်ထိုး မဆင်းရဘူးလား"

"ဆင်းရပါတယ်ဘုရား"

"ဒါကြောင့်ငါးပါးသီလထဲမှာ ကာမေသုမိစ္ဆာစာရဆိုတာ"

"ကိုကိုရေ. . ဖုန်းလာနေတယ်. . ကိုကို. . ဖုန်းလာနေပါတယ်ဆို. . ကိုကို . . လူဆိုး"

"ဟင်. . ဂန်းမ. . ကာမေသုမိစ္ဆာစာရက်အကြောင်းပြောမှ လာရလား။ အင်းဟာ. . အင်းဟာ. . အေး. . နင်ပြောသလို. . ငါလူဆိုး. . အင်းဟာ. . အင်းဟာ"

ကိုကိုရေ. .
ဖုန်းလာနေတယ်. .
ကိုကို. .
ဖုန်းလာနေပါတယ်ဆို. .
ကိုကို . . လူဆိုး

ဦးဇင်းအဖြစ်ကလဲ လွန်စွာရယ်စရာကောင်းသလို၊ သနားစရာလဲ ကောင်းနေပေသည်။ ဒါကလဲ ခုခေတ် ဖုန်းလက်ဆော့သူများ လုပ်ထားသော Ring Toneပင် မဟုတ်လား။

ဦးဇင်းကိစ္စဖြေရှင်းပြီး ကျွန်တော်လဲ ရန်ကုန်ပြန်ရောက်ခဲ့ပါသည်။ ရန်ကုန်ပြန်ရောက်တော့လဲ ထုံးစံအတိုင်း အလုပ်နှင့်လက် လှည့်ပတ်ရင်း ထိုအဖြစ်ကို ခေတ္တမေ့နေမိသည်။

တစ်နေ့ မြို့ထဲသွားဖို့ ကားမောင်း



www.burmeseclassic.com

www.burmeseclassic.com



နေရင်းမှ ဖုန်းဝင်လာသည်။

"ဟယ်လို"

"အေး. . ကိုကြည်လား"

ရွာကျောင်းဦးဇင်းအသံမို့ ချက်ချင်းမှတ်မိသည်။

"တင်ပါ့ဘုရား. . တပည့်တော်ပါဘုရား. . ဘာအလိုရှိလို့လဲဘုရား"

"ဘာအလိုရှိလဲဟုတ်လား. . ငါ မင်းကို အလိုရှိနေတာကွ"

တစ်ဖက်မှ ဦးဇင်းအသံကမာနေသည်။ ကျွန်တော်လဲ ကားကို ဂရုတစိုက်ထိန်းမောင်းရင်း ဇဝေဇဝါဖြင့်. .

"ဘာ. . ဘာကိစ္စများရှိလို့လဲ ဦးဇင်း၊ တပည့်တော် ဘာလုပ်ပေးရမလဲဘုရား"

"ဘာလုပ်ပေးရမလဲ ဟုတ်လား၊ မင်းထည့်သွားပေးတဲ့ ဖုန်းသံက ဘာသံလဲ မင်းမသိဘူးလား"

ခေတ္တစဉ်းစားမိသည်။ အနည်းငယ်ကြာပြီမို့ ဘာသံထည့်ပေးခဲ့မိမှန်းမသိ။ ထို့ကြောင့်. .

"ဘာ. . ဘာသံများထည့်ပေးမိလို့လဲ ဘုရား"

"အေး. . သိချင် ကိုယ့်ဘာသာကိုယ်ပြန်ရှာကြည့် ဒါပဲ"

ဆိုကာ ဖုန်းချသွားသည်။

"ဟယ်လို. . ဟယ်လို"

ဖုန်းချသွားသည်။ ပြန်ခေါ်တော့ ဖုန်းပိတ်ထားသည်တဲ့ ဒီလိုနှင့်

"ဦးဇင်း ဘာကြောင့် ဒီလောက်စိတ်ဆိုးနေပါလိမ့်"

ဟုတွေးပြီး စိတ်မောစွာ ကားကိုလမ်းဘေးထိုးရပ်လိုက်သည်။ နောက် ဖုန်းကိုဖွင့်ပြီး ဦးဇင်းဖုန်းကို Ring Tone အဖြစ်ထည့်ပေးလိုက်သော နံပါတ်ကို ရှာ၍ဖွင့်ကြည့်လိုက်တော့။





"ဟိုက်"

လူက သေသာသေလိုက်ချင်တော့သည်။ ဖုန်းထဲကကြားလိုက်ရသောအသံက

"ဖုန်းလာနေတယ်။ ကိုင်လိုက်ပါဒကာကြီးရယ်. . ဒီဖုန်းဟာ ဒကာကြီးရဲ့မွေးသမိခင်ဆီက လာတဲ့ဖုန်းလဲ ဖြစ်နိုင်သလို၊ ချစ်သူရည်းစားဆီက လာတဲ့ဖုန်းလဲဖြစ်နိုင်တယ်၊ ဖုန်းကိုင်လိုက်တာ ဘာများပင်ပန်းလို့လဲ ဒကာကြီးရယ်၊ ဖုန်းကို ရဲရဲသာကိုင်လိုက် ဒကာကြီး. ."

အသံက ဘုန်းကြီးသံအစစ်။

အဲဒါကြောင့်သေချင်တာ။

**လေးစားစွာကြိုးစားလျှက်**

အကြည်တော်



www.burmeseclassic.com